ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 17 April 2022 ၁၀၇၀၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စစ်တက္ကသိုလ်မိသားစု အတာရေသဘင်မဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၆

မြန်မာ့ရိုးရာမဟာအတာသင်္ကြန် အတက်နေ့ဖြစ်သည့် ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ပြင်ဦးလွင်တပ်နယ်ရှိ သင်တန်းကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ မိသားစုရေသဘင်မဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ပျော်ရွှင်စွာ ရေသဘင်ပွဲတော် ဆင်နွှဲနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

**ယနေ့ ဖတ်စရာ**



## နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ » ၈

## ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနား စည်ကားစွာ ကျင်းပ



စာမျက်နှာ » ၉



## ဆီထွက်သီးနှံနေကြာအား အလေးထား တိုးချဲ့စိုက်ပျိုး

ဆောင်းပါး စာမျက်နှာ » ၂၇

ကြေးမုံ

# မင်္ဂလာရှိသော နှစ်သစ်ကို ညီညွတ်မှုဖြင့် ဆောင်ကြဉ်း

ယနေ့သည် မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်မှ ၁၃၈၄ ခုနှစ်သို့ စတင်ကူးပြောင်းသောနေ့၊ မင်္ဂလာရှိသောနေ့ ဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများ ကောင်းမှုကုသိုလ် အထူးပွားများသော နေ့ဖြစ်သည်။ နှစ်သစ်ကိုကြိုလင့်၍ ကောင်းမှုကုသိုလ်များ ထုံမွှမ်းနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မင်္ဂလာအပေါင်းနှင့်ဝေဆာနေသည်ကို ဝမ်းမြောက်မိပါသည်။

ဤကမ္ဘာလောကကြီးတွင် ဖြစ်ပျက်သင်္ခါရသဘောအရ အချိန်ကာလတို့သည် အဆက်မပြတ် ဖြစ်ပျက်ကုန်ဆုံးလျက်ရှိသည်။ ရက်၊ လ၊ နှစ်တို့သည် ဖြစ်ပြီးပျက်လျက် လျင်မြန်စွာကုန်ဆုံးလျက်ရှိရာ တိုတောင်းလှသော အချိန်ကာလအတွင်း ကျက်သရေမင်္ဂလာအဖြာဖြာဖြင့် တိုးပွားအောင်သာ ကြိုးစားအားထုတ်ကြရမည် ဖြစ်သည်။ မင်္ဂလာမရှိသော အကုသိုလ်အမှုများကိုရှောင်ရှားကာ ယောနိသော သင့်တင့်အောင်နှလုံးသွင်း၍ မင်္ဂလာရှိသော ကောင်းသောအမှုများကို ဆောင်ကြဉ်းကြရမည်ဖြစ်သည်။

နှစ်သစ်ကို ကူးပြောင်းဖြတ်သန်းကြရာ၌ နှစ်ဟောင်းမှ အညစ်အကြေးများ၊ ညစ်နွမ်းမှုများကို သင်္ကြန်ရေဖြင့် ပျော်ရွှင်စွာဆေးကြောသန့်စင်ကြသည်။ စေတီ၊ ဘုရား၊ ကျောင်း၊ ကန်များတွင် ကုသိုလ်ကောင်းမှုများ ပွားများအားထုတ်ကြသည်။ ဘုရား၊ တရား၊ သံဃာအပေါင်းတို့အား ပူဇော်အထူးကို ပြုလုပ်ကြသည်။ မိဘ၊ ဘိုးဘွား၊ သက်ကြီးရွယ်အိုများအား ဂါရဝတရားဦးထိပ်ထား၍ ပြုစုစောင့်ရှောက်ကြသည်။ တိရစ္ဆာန်သတ္တဝါများအား ဘေးမဲ့လွှတ်ပေးပြီး ချမ်းသာအောင် ဆောင်ကြဉ်းပေးကြသည်။ ယင်းတို့သည် မြန်မာတို့၏ အစဉ်အလာမပျက်သည့် မွန်မြတ်သော ယဉ်ကျေးမှုလက္ခဏာဖြစ်သည်။

သို့သော် မြန်မာတို့၏ ထာဝစဉ်မြတ်နိုးနှစ်သက်လာခဲ့သော သင်္ကြန်ယဉ်ကျေးမှု အစဉ်အလာများကို နှောင့်ယှက်ဖျက်ဆီးမည့်သူများ ပေါ်ပေါက်လာခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုသမိုင်းကြောင်းတစ်လျှောက်တွင် ယုံကြည်ချက်၊ ခံယူချက် မည်သို့ပင်ကွဲပြားခြားနားသော်လည်း တိုင်းရင်းသားပြည်သူအားလုံးနှင့် သက်ဆိုင်သည့် ယဉ်ကျေးမှုအစဉ်အလာများကို မည်သည့်အခါမျှ မည်သူမျှ ဖျက်ဆီးနှောင့်ယှက်ခြင်းမပြုလုပ်ခဲ့ပေ။ ယခုအခါ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နှစ်သစ်အား မင်္ဂလာရှိစွာ ဖြတ်သန်းနေကြသည်ကို မလိုလား၊ မရှုဆိတ်နိုင်သော သူများ ပေါ်ပေါက်လာခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုကို ဖျက်ဆီးလိုသူများရှိလာခဲ့သည်။

ဣဿာ၊ မစ္ဆရိယ၊ ဒေါသ၊ မောဟဖုံးလွှမ်းနေသောသူများသည် မြန်မာတစ်မျိုးသားလုံး တန်ဖိုးထားမြတ်နိုးသော ရိုးရာယဉ်ကျေးမှု အစဉ်အလာပွဲတော်ကို အကျည်းတန်အရုပ်ဆိုးအောင် ပြုလုပ်ရန်ကြံစည်ကြသည်။ ယင်းတို့သည် လောဘ၊ ဒေါသ၊ မောဟဖုံးလွှမ်းနေသော ဗာလများသာဖြစ်သည်။ မိမိတို့လိုဘအတွက် အမင်္ဂလာအမှုများကို ကျူးလွန်နေကြသူများဖြစ်သည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသော၊ ဗြဟ္မစိုရ်တရားထွန်းကားသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာကို ပျောက်ပျက်အောင် ပြုလုပ်ခြင်းသည် မြန်မာနိုင်ငံကို ဖျက်ဆီးခြင်းသာဖြစ်သည်။ မြန်မာတို့၏ အစဉ်အလာယဉ်ကျေးမှုကို ဖျက်ဆီးသောသူများအား တားဆီးကြရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့်ဟုဆိုသည့် တရားသဘောအရ နှစ်သစ်ကို ညစ်ထေးအောင်ပြုလုပ်သူများအား ရှောင်ရှား၍ မင်္ဂလာရှိသောနှစ်သစ်ကို စတင်ဖြတ်သန်းနိုင်ရန် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။ နှစ်ဟောင်းတွင် တိုင်းရင်းသားပြည်သူအပေါင်း ရင်ဆိုင်ကြုံတွေ့ကြရပြီး ဖြစ်သည့် စိန်ခေါ်မှုများ၊ ပဋိပက္ခများ၊ စိတ်မချမ်းမြေ့ဖွယ်ရာများအား ကျော်လွှားလွန်မြောက်စေရန်အတွက် မေတ္တာတရား၊ မုဒိတာတရား တိုးပွားအောင် ပြုလုပ်ကြရမည်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များတွင် လူတိုင်းလူတိုင်း အသိစိတ်ဓာတ်ရှိစွာဖြင့် လက်တွဲပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

လောကတွင် ပြုသူနှင့်ဖျက်သူဟူ၍ အမြဲဒွန်တွဲရှိခဲ့သည်။ မကောင်းမှုပြုသူသည် မကောင်းသောအကျိုးပေးကို မလွဲမသွေခံစားရမည်ဖြစ်သလို ကောင်းမှုပြုသူသည် ကောင်းသောအကျိုးပေးကို မလွဲမသွေခံစားရမည်ဖြစ်သည်။ ထို့ကြောင့် မင်္ဂလာရှိသော နှစ်သစ်တွင် ကောင်းသောအကျိုးတရားများ တိုးပွားလာအောင် ကောင်းသောအမှုများကို ပြုလုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြီးခဲ့သည့်နှစ်ဟောင်းကာလတွင် တိုင်းပြည်ကို အလုံးစုံပျက်စီးစေလိုသော အကုသိုလ်အမှုပြုကြသူများကြောင့် ပြည်သူများ စိတ်နှလုံးမချမ်းမြေ့ဖြစ်ခဲ့ကြသည်။ နှစ်သစ်ကာလတွင် ပြည်သူအားလုံး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲပြီး အဖျက်ရန်စွယ်အန္တရာယ်များအား ဖယ်ရှား၍ ငြိမ်းချမ်းသာယာဝပြောပြီး မင်္ဂလာရှိသော တိုင်းပြည်ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မုဒုံမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိ



မုဒုံ ဧပြီ ၁၆

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ အထင်ကရနေရာများဖြစ်သော သမိုင်းဝင်ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ကြီးနှင့် ကန်ကလေးစေတီတော်၌ ဧပြီ ၁၅ ရက်တွင်ဒေသခံပြည်သူ ဘုရားဖူးဧည့်သည်များ၊ ကုသိုလ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မုဒုံမြို့နယ်ရှိ ဘုရားစေတီပုထိုးများ၌ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်တို့ကို အေးချမ်းစွာ ကပ်လှူပူဇော်၍ နှစ်ဦးကုသိုလ်ယူကြသူများ၊ ကန်ပတ်လမ်းတစ်လျှောက် လာရောက်အပန်းဖြေကြသူများနှင့် ကန်ကလေးစေတီတော်ဘုရားတွင် ဗုဒ္ဓပူဇနိယပွဲတော်ကို ရိုးရာမပျက်ကျင်းပကာ ဒေသခံပြည်သူများက ဆီမီးလာရောက်မျှော၍ ကုသိုလ်ယူကြသူများ၊ ညပိုင်းမွန်ဖျော်ဖြေရေး အစီအစဉ်များဖြင့် အေးချမ်းပျော်ရွှင်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **အောင်မျိုးသူ(ပြန်/ဆက်)**

## ပေါင်မြို့နယ်ရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးကုသိုလ်ယူသူများဖြင့် စည်ကား

ပေါင် ဧပြီ ၁၆

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ပေါင်းစေတီတော်မြတ်ကြီးနှင့် အခြားစေတီတော်တို့၌ ယနေ့တွင် ဘုရားဖူးကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။



ပေါင်မြို့နယ်ရှိ ဘုရားစေတီ ပုထိုးများ၌ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်တို့ကို ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခြင်း၊ ညပိုင်းတွင် မွန်ဖျော်ဖြေရေးအစီအစဉ်များ စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းတို့ ဆောင်ရွက်သည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပေါင်မြို့ပေါ်ရှိ သက်ကြီးဘိုးဘွားပူဇော်ပွဲ၊ ငါးလွှတ်ပွဲ၊ နှစ်ဦးအန္တရာယ်ကင်း ပရိတ်တရားတော်နာပွဲတို့ကို စည်ကားစွာ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဟိုပုံးမြို့နယ်၌ သင်္ကြန်အတက်နေ့ ဘုန်းကြီးကျောင်းတက်ကုသိုလ်ယူသူများဖြင့် စည်ကားလျက်ရှိ

ဟိုပုံး ဧပြီ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် သင်္ကြန်အတက်နေ့ ဘုန်းကြီးကျောင်းတက် ကုသိုလ် ယူသူများဖြင့် စည်ကားလျက်ရှိသည်။



ဟိုပုံးမြို့နေ ပြည်သူများအနေဖြင့် သင်္ကြန်ကာလအတွင်း ဘုန်းကြီးကျောင်းများတွင် ငါးပါးသီလခံယူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကြန်ကာလအတွင်း ရိုးရာယဉ်ကျေးမှုနှင့်အညီ ရေကစားကြသူများဖြင့်စည်ကားလျက်ရှိကြောင်း သိရသည်။

**ဟိုပုံး(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်အိအိမွန် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် တပ်မတော်လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာကျောင်းမိသားစု အတာရေသဘင်မဏ္ဍပ်သို့ ရောက်ရှိကြရာ သင်တန်းသားများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများဖြင့် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုများကို အတာရေများ ပက်ဖျန်းပေးသည်။

## ကြည့်ရှုအားပေး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ် မိသားစု အတာရေသဘင်မဏ္ဍပ်သို့ ရောက်ရှိကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဗိုလ်လောင်းများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ တေးသီချင်းသီဆို ဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဗိုလ်လောင်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် ဗိုလ်လောင်းများနှင့် စစ်တက္ကသိုလ်မှ အရာရှိကြီးများအား အတာရေများ ပက်ဖျန်းပေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် မိသားစုရေသဘင်မဏ္ဍပ်များ၌ သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အတာရေသဘင်ပွဲတော်ကို အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တပ်မတော်လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာကျောင်းမိသားစု အတာရေသဘင်မဏ္ဍပ်၌ အတာရေပက်ဖျန်းပေးကြစဉ်။







စစ်တက္ကသိုလ်မိသားစု အတာရေသဘင်မဏ္ဍပ်၌ မိသားစုယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုအား အေးချမ်းပျော်ရွှင်စွာ ကြည့်ရှုအားပေးနေကြစဉ်။

တပ်မတော်လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာကျောင်းမိသားစု အတာရေသဘင်မဏ္ဍပ်၌ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ သီဆိုကပြဖျော်ဖြေစဉ်။



❖ ကျောဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ယိမ်းအဖွဲ့များ တက်ရောက်ကြပြီး ရေကစားမဏ္ဍပ်၌ အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များ၏ တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး အနုပညာရှင်များနှင့် ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**အောင်မြင်စွာပိတ်သိမ်း**

ထို့နောက် ပိတ်ပွဲအခမ်းအနားကျင်းပရာ အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပိတ်ပွဲအခမ်းအနားကို တက်ရောက်လာကြသူများနှင့်အတူ ယိမ်းအဖွဲ့များအား အတာရေများဖြင့် အေးချမ်းပျော်ရွှင်စွာ ပက်ဖျန်းပေးကြပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်အား အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားတွင် အနုပညာရှင်များနှင့် ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

အလားတူ ယနေ့ညနေပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် မိသားစုသင်္ကြန်ရေကစားမဏ္ဍပ်သို့သွားရောက်၍ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၊ မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေနေမှု၊ မိသားစုများ ပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ ရေသဘင်ပွဲအား ပျော်ရွှင်စွာ အတူဆင်နွှဲသည်။

ယနေ့သည် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့ဖြစ်သည်နှင့်အညီ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းရေကစားမဏ္ဍပ်၊ မန်ကျည်းရိပ် ရေကစားမဏ္ဍပ် အပါအဝင် အခြားရေကစားမဏ္ဍပ်များတွင်လည်း ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် ပျော်ရွှင်စည်ကားစွာ ရေသဘင်ပွဲတော်ကို အောင်မြင်စွာဆင်နွှဲကြပြီး မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြရာ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်္ကြန်ချစ်သူ ပြည်သူများက အတာရေသဘင်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ်၌ ရေသဘင်ပွဲတော် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနေကြစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းမဏ္ဍပ်၌ ရေသဘင်ပွဲတော် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနေကြစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်မိသားစု ရေကစားမဏ္ဍပ်၌ ရေသဘင်ပွဲတော် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနေကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် စစ်တွေမြို့ ဗဟိုမဏ္ဍပ်ပိတ်ပွဲ တက်ရောက်

စစ်တွေ မေ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့ရှိ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ဌာနဆိုင်ရာယိမ်းအဖွဲ့များ၊ စစ်တွေတပ်နယ်မှ ယိမ်းအဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးပြီး ဗဟိုမဏ္ဍပ်ပိတ်ပွဲသို့ တက်ရောက်သည်။



ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့သည် စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်သို့ သွားရောက်ပြီး ဌာနဆိုင်ရာ ယိမ်းအကအဖွဲ့များ၊ စစ်တွေတပ်နယ်မှ ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေနေမှု၊ ရခိုင်အဆိုတော်များ၏ ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးပြီး ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများနှင့် ယိမ်းအဖွဲ့များကို အတာရေများဖြင့် ပက်ဖျန်းရေကစားကြပြီး ဌာနဆိုင်ရာ ယိမ်းအကအဖွဲ့များ၊ ရခိုင်အဆိုတော်များနှင့် တေးသံရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်သည် အဖွဲ့ဝင်များနှင့်အတူ ဗဟိုမဏ္ဍပ်ပိတ်ပွဲသို့ တက်ရောက်သည်။ ဗဟိုမဏ္ဍပ်ပိတ်ပွဲတွင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဘုန်းလျှံနှင့် ရခိုင်အဆိုတော်များ၊ ဌာနဆိုင်ရာ ယိမ်းအကအဖွဲ့များ၊ စစ်တွေတပ်နယ်မှ ယိမ်းအကအဖွဲ့များက သီဆိုကပြကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များက အဆိုတော်များနှင့် ယိမ်းအကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက နှစ်သစ်ကူး နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး စစ်တွေမြို့ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ကို အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။

သင်္ကြန်အတက်နေ့တွင် စစ်တွေမြို့ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များ၊ စစ်တွေတပ်နယ် ရေကစားမဏ္ဍပ်နှင့် ရခိုင်ရိုးရာ ရေကစားမဏ္ဍပ်များတွင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ ရခိုင်အဆိုတော်များ၊ ဌာနဆိုင်ရာ ယိမ်းအကအဖွဲ့များနှင့် စစ်တွေတပ်နယ်မှ ယိမ်းအကအဖွဲ့များက လှည့်လည်ကပြသီဆိုဖျော်ဖြေလျက်ရှိရာ ရေကစားသူများ၊ ကားများဖြင့် ရေပက်ခံထွက်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**





# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် အတက်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၆

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် အခမ်းအနားကို ယနေ့ သင်္ကြန်အတက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရုံးအမှတ်(၂၇) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများနှင့် မိသားစုဝင်များ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပြီး ဦးစီးဌာနများနှင့် လုပ်ငန်းများကိုယ်စားပြု သင်္ကြန်အလှမယ် ယိမ်းအကအဖွဲ့များက ယိမ်းအကများ၊ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်နှင့် ဇနီးတို့က အကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်း ချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက အတာရေများ အပြန်အလှန် ပက်ဖျန်းကြပြီး ဦးစီးဌာနများနှင့် လုပ်ငန်းများ ကိုယ်စားပြု ယိမ်းအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ မဟာသင်္ကြန် အတက်နေ့တွင် အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိ

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန် အတက်နေ့တွင် မြို့နယ်ခန်းမ ဗဟိုရေကစားမဏ္ဍပ်နှင့် ရပ်ကွက်များ၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

မြို့နယ်အတွင်းရှိ ဘုရားကျောင်းကန်စေတီများတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ တရားစခန်းများ၌ တရားဘာဝနာပွားများကြသူများနှင့် အင်းစိန်မြို့နယ် ရပ်ကွက်များရှိ လမ်းများ၌ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

မဟာသင်္ကြန်အတက်နေ့တွင် အင်းစိန်မြို့နယ်ခန်းမ ဗဟိုရေကစားမဏ္ဍပ်၌ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ဖျော်ဖြေရေးအဖွဲ့များက အကအလှ တေးသံသာများဖြင့် ကပြသီဆိုခြင်းနှင့် ပြည်သူများ ရေကစားခြင်းများဖြင့် ပျော်ရွှင်စွာ စည်ကားလျက်ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# ဆောက်လုပ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အတက်နေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ



နေပြည်တော် မေ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မြန်မာ့ရိုးရာအတာသင်္ကြန် မိသားစုရေသဘင်ပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် ၁၁ ရှိ ဝန်ကြီးဌာန စုဝေးခန်းမကြီး၌ ဆက်လက်ကျင်းပသည်။

အဆိုပါ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် မိသားစုဝင်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနများမှ ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဌာနစုဝေးခန်းမကြီးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စားပြုယိမ်းအကအဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ယိမ်းအကအဖွဲ့များနှင့် တက်ရောက်လာသည့် ဝန်ထမ်းမိသားစုများကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် ဝန်ကြီးဌာနရုံးရှေ့ရှိ မြန်မာ့ရိုးရာအတာသင်္ကြန် ရေကစားမဏ္ဍပ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် မိသားစုဝင်များက ယိမ်းအကအဖွဲ့များ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး၍ အတာရေသဘင်ပွဲတော်ကို ဝန်ထမ်းများ၊ မိသားစုဝင်များနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မဟာသင်္ကြန်ပွဲတော်အတက်နေ့ ယနေ့ညနေပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ပိတ်ပွဲအခမ်းအနားကို နေပြည်တော်ရုံးအမှတ်(၃၈)ရှိ ဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

**အခမ်းအနားကို ပိတ်သိမ်း**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ပါဝင်ဆင်နွှဲခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန မိသားစုမဟာသင်္ကြန်ပွဲတော်အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမိသားစု သင်္ကြန်ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန် အတက်နေ့ဖြစ်သော ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၄) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပရဝဏ်အတွင်းရှိ မိသားစု ရေကစားမဏ္ဍပ်၌ မိသားစုသင်္ကြန် ရေသဘင်ပွဲတော်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်စောဒန်နီယယ်နှင့် မိသားစု၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် မိသားစု၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာရင်ရင်နွယ်၊ ဒေါက်တာဆလိုင်းအန်ဒရူးငွန်ကျုံးလျန်နှင့်ဇနီးတို့ တက်ရောက်ကြပြီး ဝန်ကြီးဌာနမိသားစုများနှင့်အတူ အတာရေများပက်ဖျန်း၍ ပျော်ရွှင်စွာ ရေကစားကြကာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက သင်္ကြန်သီချင်းများ၊ တိုင်းရင်းသားရိုးရာ တေးသီချင်းများ၊ အဆိုအကများဖြင့် သီဆို၊ ကပြဖျော်ဖြေကြသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ပျော်ရွှင်စွာရေကစားကြပြီး "မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေကြောင်း" ဆုမွန်ကောင်းများ တောင်းကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မိသားစုသင်္ကြန် ရေသဘင်ပွဲတော်ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က နိုင်ငံတော်ကြီး အေးချမ်းပါစေကြောင်း ဆုတောင်းစကား ပြောကြားပြီး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဆုတောင်းစကား ပြောကြားသည်။

**ဆုတောင်းစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာဆလိုင်းအန်ဒရူးငွန်ကျုံးလျန်က ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ယိမ်းအဖွဲ့များနှင့် ဝန်ထမ်းမိသားစုများက မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုကပြဖျော်ဖြေပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ မိသားစုသင်္ကြန် ရေသဘင်ပွဲတော်ကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**ပုသိမ် ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန် ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်ရှိဗဟိုမဏ္ဍပ်၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖျော်ဖြေရေးနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြိုင်ပွဲတွင် ပထမဆုရရှိသော ယိမ်းအဖွဲ့များနှင့် ဆုရရှိသော သင်္ကြန်မယ်များက တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ပိတ်သိမ်းကြောင်း ကြေညာပေးကာ ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို" သီချင်းဖြင့် စုပေါင်းကပြခဲ့ကြပြီး ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၊ ယိမ်းအဖွဲ့များနှင့်ပြည်သူများအား အတာရေများ ပက်ဖျန်းပေးခဲ့သည်။

**နေ့စဉ်ချထားဆောင်ရွက်**

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အား ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၁၀ ခု၊ ပြိုင်ယိမ်းအဖွဲ့ ၁၈ ဖွဲ့၊ ဖျော်ဖြေရေးယိမ်းအဖွဲ့ ၁၁ ဖွဲ့တို့ဖြင့် သင်္ကြန်ကာလအတွင်း ကျင်းပခဲ့ပြီး ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ရေဆော့ကစားနိုင်စေရန်နှင့် ရေပက်ခံထွက်နိုင်စေရန်အတွက် ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်များတွင်လည်း လုံခြုံရေးများ နေ့စဉ်ချထားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးမြို့၌ သင်္ကြန်အတက်နေ့ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

**ပဲခူး ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့အား ပဲခူးမြို့အတွင်း၌ ဧပြီ ၁၆ ရက်တွင် ဗဟိုမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်နှင့် အများပြည်သူ ရေကစားမဏ္ဍပ်များ၊ နေ့စဉ်စတုဒိသာမဏ္ဍပ်များဖြင့် အများပြည်သူ လုံခြုံချမ်းမြေ့စိတ်အေးချမ်းသာစွာ အတာရေသဘင်ပွဲဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် ဖျော်ဖြေရေးမဏ္ဍပ်သို့ရောက်ရှိခဲ့ပြီး တပ်တွင်းမိသားစုများ၏ မြန်မာ့ရိုးရာသင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ဖျော်ဖြေရေးယိမ်းအဖွဲ့များအတွက် ဂုဏ်ပြုငွေပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တပ်တွင်းမိသားစုယိမ်းအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး အပြန်အလှန် အတာရေပက်ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗဟိုမဏ္ဍပ်သို့ ရောက်ရှိခဲ့ပြီး ခေတ်ပေါ်တေးဂီတဖျော်ဖြေနေမှု၊ လမ်းလျှောက်သင်္ကြန်နှင့် စတုဒိသာမဏ္ဍပ်များ၌ ကျွေးမွေးနေမှုများအား အများပြည်သူနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

# ကျောင်းကုန်းမြို့နယ်၌ သင်္ကြန်အတက်နေ့ ပျော်ရွှင်စွာ ဆင်နွှဲ

**ကျောင်းကုန်း ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းနှင့် ဆေးရုံလမ်းထောင့် ဗဟိုမဏ္ဍပ်၌ ယနေ့သင်္ကြန်အတက်နေ့ နံနက်ပိုင်းမှစ၍ ပျော်ရွှင်စွာ ဖျော်ဖြေကပြ သီဆိုကာ ရေပက်ကစားခဲ့ကြသည်။ အလှူရှင်များကလည်း နေ့စဉ်မုန့်လုံးရေပေါ်များ၊ မုန့်လက်ဆောင်းများ၊ ထမင်း၊ ဟင်းများဖြင့် လှူဒါန်းကျွေးမွေးခဲ့ကြကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ် မြို့ပေါ်ရပ်ကွက်များဖြစ်သော အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့မှ ယိမ်းအဖွဲ့များနှင့် ပညာရေးဌာနမှ ယိမ်းအဖွဲ့များ၊ မြို့နယ်သဘင်အစည်းအရုံးမှ တေးသံရှင်များက အလှည့်ကျဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဧပြီ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့ညနေပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မြန်မာ့မီးရထား နေပြည်တော်ဘူတာကြီးနယ်မြေရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာမဟာသင်္ကြန် ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ဂုဏ်ပြုဆုငွေများ ချီးမြှင့်**

ဝန်ကြီးဌာန ရေကစားမဏ္ဍပ်တွင် ဝန်ကြီးဌာနလက်အောက်ခံဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းအမျိုးသမီးငယ်များ၏ ယိမ်းအဖွဲ့များက သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး နှင့်ဇနီးတို့က ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

**အောင်မြင်စွာ ရုပ်သိမ်း**

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နှစ်သစ်ကူးဆုတောင်းစကားပြောကြား၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်အား အောင်မြင်စွာပိတ်သိမ်းကြောင်း ကြေညာခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသူများက "မန်းတောင်ရိပ်ခို" သီချင်း သီဆိုကြပြီး တစ်ဦးနှင့်တစ်ဦးပျော်ရွှင်စွာ အပြန်အလှန် ရေပက်ကစား နှုတ်ဆက်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပိတ်ပွဲအခမ်းအနား ကျင်းပ




**တောင်ကြီး ဧပြီ ၁၆**

၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့ ယနေ့ ညနေ ၄ နာရီက တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မဟာသင်္ကြန်မဏ္ဍပ်သို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်းနှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်နီလင်းအောင်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက တက်ရောက်ချီးမြှင့်ပေးကြပြီး ဖျော်ဖြေရေးအဖွဲ့များ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှု အကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ကြ၍ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့် ငွေပေးအပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဗဟိုမဏ္ဍပ်တွင် ယိမ်းအကအဖွဲ့များ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအကအဖွဲ့များက ကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။ ညနေ ၆ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဗဟိုမဏ္ဍပ်ပေါ်၌ နေရာယူ၍ ပြည်နယ်ဝန်ကြီးချုပ်က ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပိတ်သိမ်းကြောင်း ကြေညာပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုပေး၍ ယိမ်းအကအဖွဲ့များက ပြိုင်တူက၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန မိသားစုသင်္ကြန်ပွဲတော် ကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

၁၃၈၃ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အတက်နေ့ဖြစ်သည့် ယနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုသင်္ကြန်ပွဲတော်ကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ သင်္ကြန်ပွဲတော်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။



**ကြည့်ရှုအားပေး**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်ဇနီးနှင့်အဖွဲ့သည် သင်္ကြန်ပွဲတော်အတွင်း သက်ဆိုင်ရာဌာနများအလိုက် စတုဒိသာဖြင့် တည်ခင်းဧည့်ခံနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ဝန်ထမ်းများနှင့် အပြန်အလှန်ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

ထို့နောက် မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ယိမ်းအဖွဲ့များက အကအလှများ၊ တေးသံရှင်များက သင်္ကြန်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့၌ ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ညောင်လေးပင် ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၏ ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာဗဟိုမဏ္ဍပ်ပိတ်ပွဲနှင့် ဆုပေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က ညောင်လေးပင်မြို့ သင်္ကြန်ကို အကြိုနေ့မှအတက်နေ့အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ နှစ်သစ်ကူးဆုတောင်းစကားပြောကြားသည်။ ထို့နောက် အကြိုနေ့မှအတက်နေ့အထိ ရပ်ကွက်အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ယိမ်းအဖွဲ့ရှစ်ဖွဲ့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ဂုဏ်ပြုလွှာနှင့် ဆုငွေကျပ်တစ်သိန်းစီ ချီးမြှင့်ခဲ့ကြသည်။ ဆက်လက်၍တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ရပ်ကွက်အသီးသီးမှ ယိမ်းအကအဖွဲ့ဝင်များနှင့်အတူ "မန်းတောင်ရိပ်ခို"သီချင်းဖြင့်စုပေါင်းသီဆိုကာသင်္ကြန်ရေများ ပက်ဖျန်းခဲ့ကြသည်။

ယခုနှစ် ညောင်လေးပင်မြို့ မဟာသင်္ကြန်ပွဲတော်ကို သင်္ကြန်အကြိုနေ့မှအတက်နေ့အထိ ရပ်ကွက်အသီးသီးမှ ယိမ်းအကအဖွဲ့ဝင်များက ကပြဖျော်ဖြေသီဆိုမှုများနှင့်အတူ ပျော်ရွှင်စွာရေကစားခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနား ကျင်းပ





နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားတွင် နှစ်သစ်ကူးနှုတ်ခွန်းဆက်ဆုတောင်းစကား ပြောကြားစဉ်။

**နေပြည်တော် မေ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မဟာသင်္ကြန်ပွဲတော် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ရေကစားမဏ္ဍပ်၌ ကျင်းပသည်။

ပိတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် စောဒန်နီယယ်နှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌဦးသာဋ္ဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်က နှစ်သစ်ကူးနှုတ်ခွန်းဆက် ဆုတောင်းစကား ပြောကြားပြီး နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ပိတ်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယိမ်းအဖွဲ့က မန်းတောင်ရိပ်ခိုတေးသီချင်းဖြင့် ကပြဖျော်ဖြေပြီး အခမ်းအနားကို ပိတ်သိမ်းလိုက်သည်။

**သတင်းစဉ်**



နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေကြစဉ်။



နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့ ကပြဖျော်ဖြေစဉ်။

# မဟာသင်္ကြန်အတက်နေ့တွင် နေပြည်တော်၌ ပြည်သူများ စည်ကားများပြားစွာဖြင့် အတာရေသဘင်ပွဲတော်နွှဲပျော်

**နေပြည်တော် မေ ၁၆**

ယနေ့သည် မြန်မာ့ရိုးရာသင်္ကြန်အတက်နေ့ နောက်ဆုံးနေ့ဖြစ်သည့်အတွက် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သင်္ကြန်မဏ္ဍပ်များတွင် ရေပက်ခံကားများ၊ ရေပက်ခံထွက်ကြသူများ၊ စတုဒိသာမဏ္ဍပ်များ၌ အကျွေးအမွေးပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**တွေ့မြင်ရ**

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုဇယဓာတ်ပေါင်းစုစေတီတော်၊ လေ့ခွင်းတောင်တန်ခိုးကြီးဘုရား၊ ဘုရားကိုးဆူစေတီ၊ လောကမာရဇိန်စေတီ၊ လောကရန်နှိမ်စေတီ၊ ရန်အောင်မြင်ရွှေလက်လှဘုရား၊ သတ္တသတ္တာဟသံဝေဇနိယလေးဌာနစေတီ၊ ဖောင်တော်ချက်မစေတီနှင့် အခြားတန်ခိုးကြီးဘုရားကျောင်းကန်များတွင် ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် ရွှေသင်္ကန်းလှူဒါန်းပူဇော်ကြသူများကို တွေ့မြင်ရသည်။



နေပြည်တော်တွင် အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများကို တွေ့ရစဉ်။

နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မဟာသင်္ကြန်ရေကစားမဏ္ဍပ်များတွင်လည်း နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များက တေးသီချင်းများဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် နေပြည်တော် မြို့နယ်အတွင်းရှိ မြို့နယ်များမှ ယိမ်းအဖွဲ့များက ယိမ်းအကအလှများဖြင့် လည်းကောင်း ဖျော်ဖြေကြပြီး ရေပက်ခံကားများ၊ ရေကစားကြသူများဖြင့် စည်ကားခဲ့သည့်အပြင် စတုဒိသာမဏ္ဍပ်တွင်လည်း လာရောက်ရေပက်ကစားကြသူများကို အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့ကြသည်ကိုလည်း တွေ့ရသည်။



နေပြည်တော် ရေပန်းဥယျာဉ်၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများကို တွေ့ရစဉ်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်များ၌ မိသားစုရေကစားမဏ္ဍပ်ငယ်များတွင် သင်္ကြန်ချစ်သူပြည်သူများက ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် ပျော်ရွှင်စွာ လည်ပတ်ရေကစားကြရာ ရေပက်ခံရေကစားကြသူများကို စတုဒိသာကျွေးမွေးလှူဒါန်းကြသူများနှင့် လမ်းလျှောက်ရေပက်ခံကစားကြသူများကိုလည်း တွေ့ရသည်။

ထို့ပြင် နေပြည်တော်အတွင်းရှိ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စုအတွင်းရှိ လေ့ခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း၊ ကျည်တောင်ရေဆိပ်နှင့် ပျဉ်းမနားမြို့နယ်ရှိ အဝေရာကမ်းခြေရေကစားအပန်းဖြေစခန်းတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ နေပြည်တော်ရေပန်းဥယျာဉ်အတွင်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင်လည်း လာရောက်ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

**အေးချမ်းပျော်ရွှင်စွာအနားယူ**

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများစိတ်လက်ချမ်းသာ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ရေကစားမဏ္ဍပ်များနှင့် အပန်းဖြေစခန်းများ၌ ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ လှည့်ကင်းများဖြင့် စောင့်ရှောက်မှုပေးခြင်း၊ အပန်းဖြေအနားယူနေကြစဉ်အတွင်း အန္တရာယ်မရှိစေရေးအတွက် သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် မြန်မာသက္ကရာဇ် နှစ်တစ်နှစ် ကုန်ဆုံးပြီး နှစ်သစ်၏ အေးချမ်းမှုကိုရရှိစေရန်၊ နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်လွင့်ပျောက်စေပြီး နှစ်သစ်သို့မပါလာစေရန် ရည်ရွယ်၍ ရေစင်သွန်းလောင်းကြခြင်းဖြစ်သည်နှင့်အညီ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်အတာရေဖြင့် တစ်ဦးကိုတစ်ဦး ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းဆေးကြောပျော်ရွှင်စွာ ရေကစားကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုလည်းဖြစ်သည်။

**သတင်း – မျိုးဆက်သစ်**
**ဓာတ်ပုံ – ကိုကြီးထိန်(MNA)**

# ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနား စည်ကားစွာ ကျင်းပ



ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနား ကျင်းပစဉ်။

**ရန်ကုန် ဧပြီ ၁၆**

ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားအား ယနေ့ သင်္ကြန်အတက်နေ့ ညနေ ၅ နာရီတွင် ကျင်းပသည်။

ပိတ်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်မြို့တော်ဝန်ဦးဗိုလ်ငွေး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် စစ်သံမှူးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနများမှ ဌာနမှူးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဌာနဆိုင်ရာများနှင့် ခရိုင်များမှ ယိမ်းအဖွဲ့များက ကျောက်ဆည်ဆင်အကတို့ဖြင့် ဖျော်ဖြေကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးတို့မှ အနုပညာရှင်များက တေးသီချင်းများဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားနှင့် ကာယပညာဆပ်ကော်မတီမှ ခေတ်ပေါ်အကများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ညနေပိုင်းတွင် ၁၃၈၃ ခုနှစ် မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ယနေ့သည် ၁၃၈၃ ခုနှစ်မှ ၁၃၈၄ ခုနှစ် မြန်မာ့နှစ်ဆန်းသို့ ကူးပြောင်းမည်ဖြစ်ရာ တစ်နှစ်တာကုန်ဆုံးသော နောက်ဆုံးရက် အတာနှစ်ကူး ရက်မြတ်လည်းဖြစ်ကြောင်း၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူပြည်သား၊ မြို့တော်သူ မြို့တော်သားများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်း၍ ရွှင်လန်းပျော်ရွှင်မှုအပေါင်းဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ၁၃၈၃ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင် ပွဲတော်ကို ပိတ်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် ယိမ်းအဖွဲ့များမှ ဆုရရှိသော ယိမ်းအဖွဲ့များကို ဆုများချီးမြှင့်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ၁၂ ဦး ယိမ်းပြိုင်ပွဲမှ ဆုရရှိသော ယိမ်းအဖွဲ့များကို လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေက ၁၆ ဦး ယိမ်းပြိုင်ပွဲမှ ဆုရရှိသော ယိမ်းအဖွဲ့များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က အယောက် ၂၀ ယိမ်းပြိုင်ပွဲမှ ဆုရရှိသော ယိမ်းအဖွဲ့များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ၁၂ ဦး ယိမ်းပြိုင်ပွဲမှ နှစ်သိမ့်ဆုရရှိသော ယိမ်းအဖွဲ့များကို လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်ဦးဗိုလ်ငွေးက ၁၆ ဦး ယိမ်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော ယိမ်းအဖွဲ့များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်က အယောက် ၂၀ အလွတ်တန်းယိမ်းပြိုင်ပွဲမှ နှစ်သိမ့်ဆုရရှိသော ယိမ်းအဖွဲ့များကို လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိသော ယိမ်းအဖွဲ့များနှင့် အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြပြီး ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကြီး အေးချမ်းပျော်ရွှင် အောင်မြင်စွာဖြင့် ပြီးဆုံးခဲ့သည်။

၁၃၈၃ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပြည်သူများလည်း ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များနှင့် စစ်သံမှူးများသည် မဟာဗန္ဓုလပန်းခြံနံဘေးရှိ လမ်းလျှောက်သင်္ကြန်ကိုလည်း သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ တက်ရောက်ချီးမြှင့်အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဆုရရှိသော ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ ဆုရရှိသော ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား ဆုပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူးကြီး Senior Colonel Sarayannis Sutthi Waj Chinadej နှင့်ဇနီး မဟာဗန္ဓုလပန်းခြံလမ်း လမ်းလျှောက်သင်္ကြန်တွင် ပျော်ရွှင်စွာဆင်နွှဲကြစဉ်။



ရန်ကုန်မြို့တော်ခန်းမအနီး မဟာဗန္ဓုလပန်းခြံလမ်း လမ်းလျှောက်သင်္ကြန်တွင် ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။

# လူငယ်နှင့် နိုင်ငံရေးစာပေ

အောင်ခေတ်

ဆယ်ကျော်သက်လူငယ်များ နိုင်ငံရေးစာပေကို လေ့လာလိုက်စားသင့်သလားဟုပြောလျှင် လေ့လာလိုက်စားသင့်ပါသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးသည် နိုင်ငံသားတိုင်းနှင့် ဆိုင်ပေသည်။ တချို့ကပြောမည်။ "နိုင်ငံရေးက ကလေးတွေနဲ့ အထူးသဖြင့် မင်းတို့ ဆယ်ကျော်သက်အရွယ်တွေနဲ့ မဆိုင်ပါဘူးကွာ၊ မင်းတို့ ဘာနားလည်တာမှတ်လို့၊ အသာနေစမ်းပါ" အစရှိသဖြင့် ကြားသိရပါများလျှင်လည်း လူငယ်တို့အနေဖြင့် နိုင်ငံရေးက ငါတို့နှင့်မဆိုင်ပါဘူးဟု အထင်ရောက်သွားဖွယ်ရှိသည်။ နောင်အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူ လုပ်ဆောင်ကြရမည့် လူငယ်များအနေဖြင့် ဖြစ်ပျက်နေသော၊ ဖြစ်ပျက်ခဲ့သော နိုင်ငံရေးတို့နှင့် ကင်းကွာသွားနိုင်သည်။ ထို့အတွက်ကြောင့် နိုင်ငံရေးစာပေများကို လေ့လာလိုက်စားနေဖို့ လိုအပ်သည်။

အချို့လူကြီးမိဘများက စာဖတ်ရန်အတွက်မူ လူငယ်များကို နှိုးဆော်ကြသည်။ သို့သော် မည်သို့သောစာပေကို မည်ကဲ့သို့ ဖတ်ရှုလေ့လာသင့်သည်ကိုမူ လမ်းညွှန်ခြင်း မပြုတတ်ပေ။ စာဖတ်ခြင်းအလေ့ကို အစပျိုးမည့် လူငယ်လူရွယ်များအနေဖြင့် အချစ်ဝတ္ထု၊ အလွမ်းဝတ္ထု၊ စိတ်ကူးယဉ်ဝတ္ထုများတွင် တွေးတောငေးမောနေရသည်ကို ပိုမိုသဘောကျနှစ်ခြိုက်ကောင်း နှစ်ခြိုက်လာနိုင်ပေသည်။ ထိုသို့ဆိုသည့်အတွက် အချစ်ဝတ္ထု၊ အလွမ်းဝတ္ထုအားလုံးကို သိမ်းကျုံး၍ မကောင်းဟုပြောလိုခြင်း မဟုတ်ပါ။ ယူတတ်လျှင် ပညာရသည်ဟုဆိုသကဲ့သို့ အဆိုပါဝတ္ထုများတွင်လည်း သင်ခန်းစာယူဖွယ်များ၊ ဗဟုသုတရဖွယ်များ အများအပြားပါရှိပေသည်။ အကောင်းနှင့် အဆိုး၊ အလင်းနှင့် အမှောင် အမြဲဒွန်တွဲနေသော လောကဖြစ်သည့်အတွက် အကောင်းကို ထုတ်နုတ်ရွေးချယ်ယူတတ်၍ အဆိုးကိုရှောင်ကြဉ်စေချင်သည်။ အဓိကပြောချင်သည့်အကြောင်းမှာ ထိုဝတ္ထုများထဲတွင်ပါဝင်သော သမိုင်းနောက်ခံကားဖြစ်သည်။ နိုင်ငံရေးဖြစ်စဉ်၊ နိုင်ငံရေးပိတ်ကားတို့ပင်ဖြစ်သည်။ ဥပမာ ကျွန်ုပ်တို့ ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်သည်ဆိုကြပါစို့။

**ဝတ္ထုစာအုပ်ကို ဘယ်လိုဖတ်ကြမလဲ**

ကျွန်ုပ်တို့ ဆရာကြီးသိန်းဖေမြင့် ရေးသားခဲ့သော 'အရှေ့က နေဝန်းထွက်သည့်ပမာ' ဝတ္ထုရှည်ကြီးကို ရွေးချယ်ကြည့်ကြမည်။ ထိုဝတ္ထုရှည်ကြီးကို ဆရာကြီးသည် ခြောက်နှစ်ကျော်ကျော် လောက်အချိန်ယူ၍ မြဝတီမဂ္ဂဇင်းတွင် အခန်းဆက် ရေးသားခဲ့သည်ဟု သိရသည်။ ဝတ္ထုဆိုသည့် သဘောအရ အချစ်၊ အမုန်း၊ အလွမ်း၊ အဆွေးတို့ကို ကျွန်ုပ်တို့တွေ့မြင်ရမည်။ ထိုကိစ္စတို့ကို အသားပေးတင်ပြရေးဖွဲ့ထားသည်ဟု တွေးမိလျှင်တော့ ကျွန်ုပ်တို့ မှားပေတော့မည်။ ဆရာကြီး အဓိကတင်ပြချင်သည်မှာ ဝတ္ထုနောက်ခံ နိုင်ငံရေးပိတ်ကားဟု ကျွန်ုပ်ထင်မြင်မိသည်။ ထိုနိုင်ငံရေးသမိုင်းများကို စီကုံးရေးသားရန်အတွက် ဆရာကြီးသိန်းဖေမြင့်သည် တက္ကသိုလ်ကျောင်းသား သခင်တင်ထွန်းကို မွေးဖွားပေးလိုက်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ သိစေချင်သည်မှာ ဝတ္ထုဖတ်ရာတွင် ဖြစ်ပျက်နေသော သမိုင်းနောက်ခံနိုင်ငံရေးအဖြစ်အပျက်များကို အမိအရ ဖတ်မှတ်သိနားလည်ထားရန်ပေတည်း။

ထို့ကြောင့် စာဖတ်ရာတွင် အထူးသဖြင့် ဝတ္ထုဖတ်ရာတွင် ဇာတ်လမ်းအိမ်ထဲ လွှင့်မျောသွားမနေစေရန် အထူးဂရုပြုရမည်။ ကျွန်ုပ်တို့ အခန်းတစ်ခု သို့မဟုတ် စာတစ်မျက်နှာကို ဖတ်ပြီးသွားပြီဟု ဆိုကြပါစို့။ ထိုအခန်းတစ်ခုထဲတွင် (သို့မဟုတ်) စာတစ်မျက်နှာထဲတွင် ဖြစ်ပျက်ခဲ့သော စာရေးသူဖော်ပြခဲ့သည့် အကြောင်းခြင်းရာများကို သေချာဆင်ခြင် တွေးတောသုံးသပ်ဖို့လိုသည်။ သည်ကိစ္စက ဖြစ်နိုင်မည်လား၊ မဖြစ်နိုင်မည်လား၊ စိတ်ကူးယဉ်ဆန်နေသည်လား၊ လက်တွေ့ကျသည်လား အစရှိသဖြင့် သုံးသပ်မိဖို့အရေးကြီးသည်။ ထိုနေရာတွင် သတိချပ်ရမည်မှာ ဝတ္ထု၏နောက်ခံကားထားသော အဖြစ်အပျက်များသည် တကယ့်အဖြစ်အပျက်လား၊ ဇာတ်လမ်းဆင်ထားသည်လားကို အထူးဂရုပြုရမည်။ စာရေးသူပဲသိလိမ့်မည်ဟု ဆိုနိုင်ဖွယ်ရှိသောကြောင့် စဉ်းစားဆင်ခြင်ဉာဏ်ကို အသုံးပြုရမည်မှာ သေချာသည်။ များသောအားဖြင့်မူ နိုင်ငံရေးအဖြစ်အပျက်များကို နောက်ခံထားသော ဝတ္ထုစာပေများတွင် တကယ့်ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို အများဆုံးတွေ့ရကာ ဆင်ခြင်သုံးသပ်နိုင်ရန် အတော်ပင်ကောင်းမွန်သည်။

> **ယနေ့နိုင်ငံရေးဆွေးနွေးနေသော လူငယ်တို့စကားဝိုင်းသည် လွှတ်တော်နှင့်ခြားမည်မထင်။ နောင် အဆိုပါ တိုင်းပြုပြည်ပြုလွှတ်တော်များကို ဆက်လက်လည်ပတ်စေမည့်သူများမှာလည်း ထိုလူငယ်များပင်ဖြစ်သည်။ "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"ဟူသောစကားအတိုင်း အနာဂတ်တိုင်းပြည်နိုင်ငံရေးအတွက် အဘက်ဘက်မှ ပါဝင်ဆောင်ရွက်ကြရမည့် လူငယ်များအနေဖြင့် နိုင်ငံရေးစာပေနှင့် ကင်းကွာနေ၍မဖြစ်။ နိုင်ငံရေးစာပေများကို လေ့လာလိုက်စားကြမှသာ အတိတ်ကမှားခဲ့သောအမှားများ၊ အတုယူသင့်သော သင်ခန်းစာများကို အတုယူနိုင်ကြကာ နိုင်ငံရေးဇာတ်ခုံပေါ်တွင် အမှားအယွင်းမရှိ ကပြဖျော်ဖြေနိုင်ပေလိမ့်မည်**

ရန်ကုန်ကို ဂျပန်တို့ ပထမအကြိမ် ဗုံးကြဲသည့်နေ့ရက်၊ တက္ကသိုလ်ကျောင်းသားသခင်များ သပိတ်ဆင်နွှဲပုံ၊ ရေနံမြေသပိတ်တပ်များအကြောင်း အစရှိသဖြင့် စင်စစ်ဖြစ်ခဲ့သော နိုင်ငံရေးသမိုင်းတို့ကို ထင်ဟပ်လျက်ရှိသည်။ နိုင်ငံရေးအကြောင်းချည်း ရေးသားထားမှ နိုင်ငံရေးစာပေမဟုတ်ပေ။ လူငယ်တို့အနေဖြင့်လည်း ဝတ္ထုများဖတ်ရင်းဖြင့် နိုင်ငံရေးကို လေ့လာလိုက်စားသင့်သည်။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုအချို့၊ ခေတ်စမ်းစာပေ၏ ဦးဆောင်လမ်းပြအဖြစ် သတ်မှတ်ခြင်းခံရသူ သိပ္ပံမောင်ဝ၏ စာတမ်းများ စသည့်ဝတ္ထုစာတမ်းတို့ကို အခြေခံ၍လည်း သမိုင်းတစ်လျှောက် နိုင်ငံရေးအဖြစ်အပျက်များကို လေ့လာနိုင်သည်။ ကျွန်ုပ်အထက်တွင်ဖော်ပြခဲ့သည့် ဆရာကြီးသိန်းဖေမြင့်ရေးသားခဲ့သော "အရှေ့က နေဝန်းထွက်သည့်ပမာ" ဟူသည့်ဝတ္ထုရှည်ကြီးကို လူငယ်တိုင်း ဖတ်စေချင်သည်။ အင်္ဂလိပ်ဘာသာနှင့် တရုတ်ဘာသာအဖြစ် ပြန်ဆိုထားရှိသည်ဟု သိရပေသည်။

**လူငယ်များ နိုင်ငံရေးစာပေကို ဘာကြောင့် လေ့လာသင့်တာလဲ**

သမိုင်း 'အ' လျှင် လူ 'အ' သည်။ လူမ 'အ' စေရန်အတွက် သမိုင်းကိုလေ့လာရန် အထူးလိုအပ်လှပေသည်။ နိုင်ငံသားတစ်ယောက်ဖြစ်သည့်အတွက် နိုင်ငံရေးသမိုင်းကို ပို၍လေ့လာလိုက်စားသင့်သည်။ လူကြီးမိဘများအနေဖြင့် တိုင်းပြည်၏အနာဂတ်သား၊ သမီးလူငယ်များအား နိုင်ငံရေးသမိုင်းများကို အမှန်အတိုင်း သိခွင့်ပေးရမည်။ "အင်္ဂလိပ်တွေ တို့နိုင်ငံကိုအုပ်ချုပ်သွားတုန်းက ဘယ်လိုအရာတွေ တိုးတက်တယ်၊ ဘယ်လိုအရာတွေ ဆုတ်လျော့တယ်။ ဂျပန်တွေက တို့နိုင်ငံကို ဘယ်လိုအုပ်ချုပ်သွားခဲ့တာ၊ ဖဆပလခေတ်ကဘယ်လို" အစရှိသဖြင့် အမှန်အတိုင်း ပြောကြရမည်။

ဒိုင်အာခီအုပ်ချုပ်ရေးသည် မည်သို့မည်ပုံ မကောင်းပုံ၊ အင်္ဂလိပ်လက်ထက်က ရန်ကုန်မြို့ကြီးက အာရှတိုက်တွင် အကောင်းဆုံး၊ အတုယူစရာ အကောင်းဆုံးမြို့တစ်မြို့ဖြစ်ခဲ့ပုံ စသဖြင့် အတိတ်က နိုင်ငံရေးဇာတ်ခုံတွင် ပါဝင်ပတ်သက်နေသောလူများ သာမက သက်ဆိုင်ဖြစ်ပျက်ခဲ့သော အခြားအကြောင်းအရာများကိုပါ လေ့လာသင့်ပုံမှာ ပြောစရာပင်လိုမည်မထင်။ နိုင်ငံရေးအသိအမှတ်အမှားများဖြင့် ကြီးပြင်းခဲ့သော လူငယ်များ၏လက်ထဲသို့ ကျွန်ုပ်တို့ အနာဂတ်နိုင်ငံကို ပေးအပ်ရဲမည်လော။ သာဓကပေါင်းများစွာက ကျွန်ုပ်တို့ကို သက်သေပြခဲ့ပြီးပေပြီ။ အထူးသဖြင့် နိုင်ငံရေးကို စိတ်ပါဝင်စားစွာ လေ့လာနေသော လူငယ်တစ်ယောက်အား နိုင်ငံရေးလုပ်တာ မကောင်းပါဘူးဟု မပြောမိစေရန် လိုအပ်ပေလိမ့်မည်။ ထိုသို့ မကောင်းဘူးပြောရန်အတွက် ကျွန်ုပ်တို့ကိုယ်တိုင်ကပင် ဘာကြောင့်မကောင်းတာလဲ၊ ဘာကြောင့်ကောင်းတာလဲဟူသော အဖြေကိုပေးရန် အဆင်သင့်ဖြစ်နေပြီလားဟု ဦးစွာပထမ ပြန်မေးကြည့်ရပေမည်။

နိုင်ငံရေးနှင့်ပတ်သက်သည်များကို စနစ်တကျ လေ့လာလိုက်စားနေစေရေးအတွက် လမ်းကြောင်းပေးရန် လိုအပ်လှပေသည်။ အသက်ငယ်ငယ်နှင့် ကျောင်းသားခေါင်းဆောင်ဖြစ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားကျောင်းသားခေါင်းဆောင်များကို လေးစားအားကျကာ နိုင်ငံရေးတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ချင်သောလူငယ်များကိုလည်း လမ်းမလွဲစေရန်အတွက်မူ လမ်းညွှန်ပေးရမည့်တာဝန်မှာ လူကြီးမိဘတိုင်းတွင်ရှိသည်။ နိုင်ငံရေးစာပေများကို အဆက်မပြတ် လေ့လာလိုက်စားနိုင်စေရန် လူငယ်များအား တိုက်တွန်းသင့်သည်။ သို့ဖြစ်၍ ပညာဗဟုသုတပြည့်ဝသော၊ အားအင်အပြည့်ရှိသော၊ လက်ရုံးရည်နှင့် နှလုံးရည်ပြည့်ဝသော၊ ဆင်ခြင်ဉာဏ်ကြီးသော လူငယ်နိုင်ငံရေးခေါင်းဆောင်များကို ကျွန်ုပ်တို့ အလိုရှိပေသည်။ တိုင်းပြည်အတွက်လည်း လိုအပ်ပေသည်။

**ပြည်တွင်းနိုင်ငံရေးသာမက ကမ္ဘာ့နိုင်ငံရေးတို့ကိုလည်း လေ့လာထားရန်လိုအပ်**

ပြည်တွင်းနိုင်ငံရေးသာမက ကမ္ဘာ့နိုင်ငံရေးစာပေတို့နှင့်လည်း ရင်းနှီးကျွမ်းဝင်နေစေရန် လူငယ်များအနေဖြင့် အထူးဂရုပြုသင့်သည်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အရင်းရှင်စနစ်မှ ဘုံစနစ်ကို မည်ကဲ့သို့ ကူးပြောင်းလာပုံ၊ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး အကြောင်းများ၊ ကွန်မြူနစ်စနစ် တိုးတက်လာပုံ စသဖြင့် နိုင်ငံရေးဒီရေလှိုင်းများအား ကမ္ဘာ့နိုင်ငံများ မည်သို့မည်ပုံ ဖြတ်သန်းလာခဲ့ရပုံတို့ကို သိရှိထားသင့်သည်မှာ ငြင်းဖွယ်ရာပင်မရှိ။ ထိုသို့လေ့လာရာတွင်လည်း မျက်နှာမလိုက်ဘဲ သမာသမတ်ကျကျ လိုက်စားရပေမည်။

ကွန်မြူနစ်စနစ်၏ ဆိုးကျိုးများကိုချည်း အပြစ်ဖို့နေလျှင် ကွန်မြူနစ်စနစ်၏ကောင်းကျိုးကို ရရှိခံစားသွားခဲ့ရသော ကမ္ဘာ့နိုင်ငံများက လှောင်ပြောင်နေပေလိမ့်မည်။ ဆိုရှယ်လစ်စနစ်ကို လေ့လာရာတွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို လေ့လာရာတွင် ကောင်းကျိုးချည်းတွေ့နေမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဒီမိုကရေစီစနစ်အကြောင်းအား သေချာကောင်းစွာ မသိသေးဟု ဆိုကောင်းဆိုနိုင်ပေသည်။

ကိစ္စတိုင်းတွင် အလင်းနှင့်အမှောင်၊ အဆိုးနှင့် အကောင်း ဒွန်တွဲတည်ရှိနေသောကြောင့်တည်း။ မဲတစ်မဲသည် နိုင်ငံ၏တိုးတက်ပြောင်းလဲမှုကို ဖြစ်စေနိုင်သကဲ့သို့ ယုတ်လျော့ပျက်စီးခြင်းကိုလည်း ဖြစ်စေနိုင်သည်ဟုသိရှိပြီး မှန်ကန်သော ရွေးချယ်မှုကို ရွေးချယ်နိုင်စေရေးအတွက် လူငယ်များအနေဖြင့် နိုင်ငံရေးကို မလေ့လာ၍ မဖြစ်ပေ။

**ယနေ့လူငယ်၊ နောင်ဝယ်လူကြီး**

ယနေ့နိုင်ငံရေးဆွေးနွေးနေသော လူငယ်တို့စကားဝိုင်းသည် လွှတ်တော်နှင့်ခြားမည်မထင်။ နောင် အဆိုပါ တိုင်းပြုပြည်ပြုလွှတ်တော်များကို ဆက်လက်လည်ပတ်စေမည့် သူများမှာလည်း ထိုလူငယ်များပင် ဖြစ်သည်။ "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"ဟူသော စကားအတိုင်း အနာဂတ်တိုင်းပြည် နိုင်ငံရေးအတွက် အဘက်ဘက်မှ ပါဝင်ဆောင်ရွက်ကြရမည့် လူငယ်များအနေဖြင့် နိုင်ငံရေးစာပေနှင့် ကင်းကွာနေ၍ မဖြစ်။ နိုင်ငံရေးစာပေများကို လေ့လာလိုက်စားကြမှသာ အတိတ်ကမှားခဲ့သောအမှားများ၊ အတုယူသင့်သောသင်ခန်းစာများကို အတုယူနိုင်ကြကာ နိုင်ငံရေးဇာတ်ခုံပေါ်တွင် အမှားအယွင်းမရှိ ကပြဖျော်ဖြေနိုင်ပေလိမ့်မည်။ သို့ဖြစ်ရာ ကောင်းနိုးရာရာ နိုင်ငံရေးစာပေဟူသမျှကို ဖတ်မှတ်လေ့လာလိုက်စားခြင်းအားဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းကျိုးကျေးဇူးပြုနိုင်သော လွတ်လပ်စွာ တွေးခေါ်သုံးသပ်တတ်၍ မှန်ကန်ဖြောင့်မတ်သည့် နိုင်ငံရေးအယူအဆရှိသော လူငယ်လူရွယ်များ ဖြစ်ကြပါစေကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# တရုတ်အာကာသယာဉ်မှူးသုံးဦး အာကာသတွင်း၌ တာဝန်များထမ်းဆောင်ပြီးနောက် ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ရောက်ရှိလာ

**ပေကျင်း မေ ၁၆**

တရုတ်အာကာသယာဉ်မှူးသုံးဦးသည် အာကာသတွင်း၌ ခြောက်လကြာ တာဝန်များထမ်းဆောင်ပြီးနောက် ယနေ့တွင် ကမ္ဘာမြေပြင်ပေါ်သို့ ဘေးကင်းစွာ ပြန်လည် ရောက်ရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

အာကာသယာဉ်မှူးများ ဖြစ်သည့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် တရုတ်နိုင်ငံမြောက်ပိုင်းအတွင်း မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Dongfeng အာကာသယာဉ်ဆင်းသက်ရာ နေရာသို့ ရောက်ရှိလာခဲ့သည်။ ၎င်းတို့လိုက်ပါစီးနင်းလာသည့် Shenzhou-13 အာကာသယာဉ် ဆင်းသက်မှုကို နိုင်ငံပိုင်ရုပ်သံလိုင်းမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။



အာကာသယာဉ်မှူးများဖြစ်သည့် Zhai Zhigang၊ Wang Yaping နှင့် Ye Guangfu တို့သည် ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

၎င်းတို့သုံးဦးသည် အာကာသစခန်း၌ ၁၈၃ ရက်ကြာ နေထိုင်ခဲ့ပြီး လုပ်ငန်းတာဝန်များကို ထမ်းရွက်ခဲ့သည်။

မစ်ရှင်းတစ်ခုတည်းတွင် ၎င်းတို့၏အာကာသလုပ်ငန်းစဉ်များ ဆောင်ရွက်သည့် အချိန်ကာလသည် အခြားသောတရုတ်အာကာသယာဉ်မှူးများ တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်ငန်းတာဝန်များအနက် အချိန်အကြာမြင့်ဆုံးဖြစ်သည်။



အဆိုပါ အာကာသယာဉ်မှူးများသည် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် Shenzhou-13 အာကာသယာဉ်ဖြင့် လိုက်ပါသွားပြီး အာကာသစခန်းသို့ ရောက်ရှိခဲ့သည်။

၎င်းတို့သည် အာကာသဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး သိပ္ပံနည်းကျတိုက်ရိုက်ပို့ချချက်နှစ်ခုနှင့် သိပ္ပံနည်းပညာဆိုင်ရာ စမ်းသပ်မှုများနှင့် အသုံးချပရောဂျက်များကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# တူနီးရှားနိုင်ငံ ဂါဘီးစ်ကမ်းရိုးတန်း၌ လောင်စာဆီ တန်ချိန် ၇၅၀ တင်ဆောင်လာသော ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်

**ကျူးနစ် မေ ၁၆**

တူနီးရှားနိုင်ငံ ဂါဘီးစ်ကမ်းရိုးတန်း၌ လောင်စာဆီ တန်ချိန် ၇၅၀ တင်ဆောင်လာသော ကုန်တင်သင်္ဘောတစ်စင်း ယမန်နေ့က နစ်မြုပ်သွားခဲ့ကြောင်း တူနီးရှားအာဏာပိုင်များက ယနေ့ပြောကြားသည်။



တူနီးရှားရေတပ်က အီကွေတိုရီရယ်ဂီနီယာအလံလွှင့်တင်ထားသည့် အဆိုပါသင်္ဘောမှ သင်္ဘောသားခုနစ်ဦးစလုံးကို ကယ်တင်နိုင်ခဲ့ကြောင်း တူနီးရှားပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ သင်္ဘောနစ်မြုပ်မှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်း အဆိုပါဝန်ကြီးဌာနက ဆိုသည်။

အီဂျစ်နိုင်ငံ Damietta ဆိပ်ကမ်းမှ မော်လ်တာနိုင်ငံသို့ဦးတည်ထွက်ခွာလာသော အဆိုပါသင်္ဘောသည် ရာသီဥတုဆိုးရွားမှုကြောင့် နစ်မြုပ်ခဲ့ရခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

ဂါဘီးစ်ကမ်းရိုးတန်းမှ ရေမိုင် ခုနစ်မိုင်ခန့်အကွာတွင် သင်္ဘောစက်ခန်းအတွင်းသို့ နှစ်မီတာအမြင့်ရှိ ရေများစိမ့်ဝင်လာကြောင်း သင်္ဘောသားများက ဆိုသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ ကလေးငယ် ၁၂ ဒသမ ၉ သန်းနီးပါး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

**လော့အိန်ဂျလိစ် မေ ၁၆**

အမေရိကန်နိုင်ငံ၌ ကလေးငယ်စုစုပေါင်း ၁၂ ဒသမ ၉ သန်းနီးပါး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း အမေရိကန်ကလေးအထူးကုအကယ်ဒမီနှင့် ကလေးဆေးရုံအသင်းက ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်နိုင်ငံ၌ လွန်ခဲ့သည့် သီတင်းလေးပတ်အတွင်း ကလေးငယ်စုစုပေါင်း ၁၁၄၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်းလည်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုစတင်ဖြစ်ပွားပြီးနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကလေးငယ်စုစုပေါင်း ၁၂ ဒသမ ၉ သန်းနီးပါးရှိခြင်းကြောင့် ကလေးငယ်များ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ ၁၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုစတင်ခဲ့သည့် ယခုနှစ် နှစ်စပိုင်းမှစတင်ကာ ကလေးငယ်များအကြား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုသည် သိသိသာသာမြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ဧပြီလ ပထမပတ်အတွင်းမှာပင် ကလေးငယ် ၂၅၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**



# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၇၀ ထပ်မံတွေ့ရှိ

**စင်ကာပူ မေ ၁၆**

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၇၀ ထပ်မံစစ်ဆေးတွေ့ရှိရသည့်အတွက် ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၅၇,၂၅၁ ဦးရှိလာပြီဖြစ်သည်။



အဆိုပါရောဂါထပ်မံစစ်ဆေးတွေ့ရှိသူများအနက် ၂၅၄ ဦးသည် ကွင်းဆက်တုံ့ပြန်စမ်းသပ်မှုများမှ စစ်ဆေးတွေ့ရှိရပြီး ၁၄၁၆ ဦးသည် အာခေါင်တို့ဖတ်ယူခြင်းစသည့် လျင်မြန်သောစစ်ဆေးမှုများမှ စစ်ဆေးတွေ့ရှိခြင်းဖြစ်သည်။

ကွင်းဆက်တုံ့ပြန်စမ်းသပ်မှုများမှ တွေ့ရှိသူများအနက် ၂၄၅ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန်ကိုးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

လျင်မြန်သော စစ်ဆေးမှုများမှ စစ်ဆေးတွေ့ရှိသူများအနက် ၁၃၇၅ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ၄၁ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၂ ဦးသည် ဆေးရုံများ၌ ဆေးဝါးကုသမှုများ ခံယူနေရပြီး ယင်းတို့အနက် ရှစ်ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လူနာသုံးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၁၃ ဦးရှိပြီဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

■

# တရုတ်နိုင်ငံ ချန်ဒူးမြို့မှ ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးအကြိမ် မီးရထားတိုက်ရိုက်ခရီးစဉ် စတင်ပြေးဆွဲ



ပေကျင်း မေ ၁၆

တရုတ်နိုင်ငံ အနောက်ဘက်ရှိ ချန်ဒူးမြို့မှ ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးအကြိမ် တိုက်ရိုက်ပြေးဆွဲသည့် မီးရထားခရီးစဉ်ကို ယမန်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါကုန်တင်မီးရထားသည် ကွန်ပျူတာဆက်စပ်ပစ္စည်းများ တင်ဆောင်ပြီး တရုတ်နိုင်ငံ ဆီချွန်ပြည်နယ်ရှိ ချန်ဒူးနိုင်ငံတကာ မီးရထားဘူတာရုံမှ ဗီယက်နမ်သို့ ယမန်နေ့တွင် ဦးတည်ထွက်ခွာခဲ့သည်။

အဆိုပါမီးရထားခရီးစဉ်သည် ပထမဆုံးအကြိမ်ဖြစ်ပြီး ခရီးအကွာအဝေးသည် ၁၈၄၁ ကီလိုမီတာကွာဝေးကြောင်း သိရသည်။ ထို့ပြင် အဆိုပါမီးရထားသည် တရုတ်နိုင်ငံတောင်ပိုင်းရှိ Guangxi Zhuang ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Pingxiang မြို့မှတစ်ဆင့် တရုတ်နိုင်ငံနယ်စပ်ကို ဖြတ်ကျော်သွားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသို့ ခုနစ်ရက်အကြာတွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသို့ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းကို နိုင်ငံတကာကုန်စည် မီးရထားများသည် ရေလမ်းကြောင်းနှင့် မီးရထားလမ်းကြောင်းများကို အသုံးပြုခဲ့ရာမှ ယခုနှစ်အစပိုင်းမှစပြီး မီးရထားလမ်းကြောင်းကို ပိုမိုအသုံးပြုလာကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၇၅ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ မေ ၁၆

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၇၅ ဦး ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါအရေအတွက်သည် နေ့စဉ်ကူးစက်မှု အနည်းဆုံးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၃၁၄၀၉၄၇ ဦးအထိ မြင့်တက်လာပြီဖြစ်ကြောင်း သိရသည်။ အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် လေးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၀၇၄၇ ဦးရှိပြီဖြစ်သည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၁၃၆၆ ဦးရှိပြီး အဆိုပါအရေအတွက်သည် ရောဂါကူးစက်ခံရသူ အားလုံး၏ သုည ဒသမ ၀၃ ရာခိုင်နှုန်းရှိသည်။ ရောဂါမှပြန်လည်ကျန်းမာလာသူ အရေအတွက်သည် ၉၈ ဒသမ ၇၆ ဦးရှိကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ၇၉၆ ဦး ရောဂါမှပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၄၂၅၀၇၈၃၄ ဦးရှိကြောင်း သိရသည်။

နေ့စဉ် ရောဂါကူးစက်မှုနှုန်းသည် သုည ဒသမ ၃၂ ရာခိုင်နှုန်းရှိပြီး သတင်းပတ်တိုင်းကူးစက်မှုနှုန်းသည် သုည ဒသမ ၂၆ ရာခိုင်နှုန်းရှိကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ဆိုသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# တရုတ်နိုင်ငံပြည်မကြီး၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၆၇ ဦး ထပ်မံတွေ့ရှိ

ပေကျင်း မေ ၁၆

တရုတ်နိုင်ငံပြည်မကြီး၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၆၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၅၉၀ သည် ရှန်ဟိုင်းမြို့နှင့် ၁၉၅ ဦးသည် ကျီလင်းမြို့တို့မှ တွေ့ရှိရခြင်းဖြစ်သည်။ ကျန်ရောဂါကူးစက်ခံရသူများသည် ပြည်မကြီးအတွင်းရှိ အခြားသော ခရိုင်အဆင့်ရှိဒေသ ၁၄ ခုတို့မှဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံပြည်မကြီး၌ ရောဂါလက္ခဏာမပြသဘဲ ကူးစက်ခံရသူပေါင်း ၂၀၈၁၃ ဦးရှိသည့်အနက် ၁၉၉၂၃ ဦးသည် ရှန်ဟိုင်းမြို့မှဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၂၈၁၈ ဦးသည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီး ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့သည့်အတွက် ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၄၈၁၇၀ ရှိပြီဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ထပ်မံသေဆုံးသူမရှိကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်



# ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်းမီဂီတိုက်ခတ်မှုကြောင့် သေဆုံးသူ အနည်းဆုံး ၁၆၇ ဦးရှိလာ



မနီလာ မေ ၁၆

ဖိလစ်ပိုင်နိုင်ငံ၌ ဧပြီ ၁၀ ရက်က စတင်ဖြစ်ပွားခဲ့သည့် အပူပိုင်းမုန်တိုင်း တိုက်ခတ်မှုမှတစ်ဆင့် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လက်ရှိအချိန်တွင် သေဆုံးသူပေါင်း အနည်းဆုံး ၁၆၇ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် အပူပိုင်းမုန်တိုင်း တိုက်ခတ်မှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် လူဦးရေ ၁၁၀ ပျောက်ဆုံးလျက်ရှိကြောင်းနှင့် အဆိုပါသဘာဝဘေးသည် လူပေါင်း ၁ ဒသမ ၉ သန်းအထိ ရိုက်ခတ်မှုရှိခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

လေတီပြည်နယ်အလယ်ပိုင်း ဘေဘေးမြို့ဝန်းကျင်ရှိ ကျေးရွာများသည် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဒဏ်ကို အဓိကခံစားခဲ့ရပြီး ပီလာကျေးရွာတွင်မှ လူနေအိမ်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်သည် ပင်လယ်အတွင်းသို့ မျောပါသွားခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ အဆိုပါအပူပိုင်းမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် လူဦးရေအများအပြားသည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာကာ လုံခြုံရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရကြောင်း သိရသည်။

ယခုဖြစ်ပွားခဲ့သည့် အပူပိုင်းမုန်တိုင်းသည် ၂၀၀၆ ခုနှစ်နောက်ပိုင်း ဖိလစ်ပိုင်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့် လူသေဆုံးမှု အများဆုံးဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းများအနက် တစ်ခုဖြစ်ကြောင်းလည်း သိရသည်။

ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-အလင်းသစ်

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းကျော် ထပ်မံတွေ့ရှိ



**ဆိုးလ် ဧပြီ ၁၆**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၇၉၁၆ ဦး ထပ်မံ တွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူစုစုပေါင်း ၁၆၂၁၂၇၅၁ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ဧပြီ ၁၆ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၇၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၀၈၈၉ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၂၅၂၀၁ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၀၀၁၂၄၁ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၃ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



# တောင်အာဖရိကနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၃၉၅ ဦးအထိမြင့်တက်လာ

**ဂျိုဟန်နစ္စဘတ် ဧပြီ ၁၆**

တောင်အာဖရိကနိုင်ငံ၏ ကွာဇူလူနာတယ်ပြည်နယ်၌ ဧပြီ ၁၁ ရက်မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုမှတစ်ဆင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် လက်ရှိတွင် သေဆုံးသူ ၃၉၅ ဦးအထိ မြင့်တက်လာခဲ့ကြောင်း အစိုးရ၏ ထိပ်တန်းတာဝန်ရှိသူ ဆစ်ဖိုလိုမူကာက ဧပြီ ၁၅ ရက်တွင် ပြောကြားသည်။

ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဧပြီ ၁၅ ရက်အထိကာလအတွင်း ပြည်သူစုစုပေါင်း ၄၀၇၂၃ ဦးသည် ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရကြောင်း ဆစ်ဖိုလိုမူကာက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၏ မိုးလေဝသဌာနက ထုတ်ပြန်သည့်အချက်အလက်များအရ လာမည့်ရက်များတွင်လည်း ပြည်နယ်အများစုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် လမ်းများ၊ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ လျှပ်စစ်ဓာတ်အားပေးလိုင်းများနှင့် အစိုးရအဆောက်အအုံအများစုလည်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၄၇၄ ဦးထပ်မံတွေ့ရှိ

**ဟနွိုင်း ဧပြီ ၁၆**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၄၇၄ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၄၁၇၈၈၇ ဦးရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၂၉၃၄ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၈၉၃၁၃၇၄ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူ စုစုပေါင်း၏ ၈၆ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၀၉ ဒသမ ၃ သန်းကျော်အသုံးပြုပြီးဖြစ်ကြောင်းနှင့် အဆိုပါနိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအနက် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၉၂ ဒသမ ၁ သန်းထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**




# ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၅ သန်းကျော်ရှိလာ

**ဆန်တီယာဂို ဧပြီ ၁၆**

ချီလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၇၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၅၂၅၈၄၅ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူ ၃၈ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၅၇၂၀၅ ဦးရှိလာကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ချီလီနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲရပ်စ်ကြောင့် ရောဂါကူးစက်မှုမြင့်တက်လာခဲ့ပြီးနောက် လွန်ခဲ့သည့် နှစ်ပတ်အတွင်းမှစတင်ကာ နေ့စဉ်ကူးစက်မှု ၅၆ ရာခိုင်နှုန်းအထိ ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာစုစုပေါင်း ၁၁၄၉၅ ဦးရှိကြောင်းနှင့် ယင်းတို့အနက် ၃၄၈ ဦးသည် ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ဗန်းမော်နှင့် မိုင်းဆတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၆

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၅ ရက် ညနေ ၄ နာရီခွဲတွင် ဗန်းမော်မြို့နယ် မံရွတ်ကျေးရွာအနီး ဗန်းမော်-မံစီသွားကားလမ်း၌ ဇော်ဆန်အောင် မောင်းနှင်ပြီး မဂျာတောင် လိုက်ပါလာသော မော်တော်ယာဉ်နှင့် ဂျုံဂျိန်ဝေါင်(ခ)ဂျုံကြိမ်ရှန်(ခ)အားမြင့် မောင်းနှင်ပြီး မပေါက်တီလိုက်ပါလာသည့် မော်တော်ယာဉ်နှစ်စီးတို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၄ ကီလိုနှင့် မြန်မာငွေကျပ် ၂၁ သိန်းတို့ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မိုင်းဆတ်မြို့နယ် မယ်ဆတ်ကျေးရွာရှိ ရော်ဘာခြံအနီးတွင် အာဗေလမောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



မပေါက်တီ၊ ဂျုံဂျိန်ဝေါင်(ခ)ဂျုံကြိမ်ရှန်(ခ)အားမြင့်၊ ဇော်ဆန်အောင်နှင့် မဂျာတောင် တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ခိုင်သင်းကြည်အား ချီးမြှင့်ထားသည့် လူမှုထူးချွန်တံဆိပ်အား ပြန်လည်ရုပ်သိမ်း

နေပြည်တော် မေ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရုပ်ရှင်သရုပ်ဆောင် ခိုင်သင်းကြည်အား အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၂၂ ဖြင့် ချီးမြှင့်ပေးအပ်ခဲ့သည့် လူမှုထူးချွန်တံဆိပ်(ဒုတိယအဆင့်)အား ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၆၇ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ တို့အရ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင်သစ်မျိုးစုံနှင့် ကုန်တင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၆

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၄ ရက်တွင် လှည်းကူးမြို့နယ်နှင့် မှော်ဘီမြို့နယ်အတွင်း တရားမဝင် ပျဉ်းကတိုးလုံးထိုးနှင့် ကျွန်းခွဲသား ၈ ဒသမ ၆၉၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၂၇၈၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသော ကုန်တင်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မေ ၁၅ ရက်တွင် လှည်းကူးမြို့နယ်အတွင်း တရားမဝင် ကညင်ခွဲသား ၆ ဒသမ ၄၂၅၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၉၇၉၂)နှင့် အဆိုပါ သစ်များ တင်ဆောင်လာသော ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၀၀၀၀၀၀)ကို လည်းကောင်း၊ တိုက်ကြီးမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၃ ဒသမ ၃၂၄ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၉၈၅၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၅၁၈၂၄၂ သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

## သိမ်းဆည်းရမိ

အလားတူ မေ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် များအတွင်း ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၁၃ ဒသမ ၂၅၅၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၂၆၉၇၄) သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

## အမှုတွဲ ၁၃ မှု

သို့ဖြစ်ပါ၍ မေ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၇၂၀၉၃၉၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

MRTV HD

33:30 MRTV National News

mitv

07:01 Mingalar Su Taung (Kyawt Kay Khaing)
07:08 Shwedagon Buddha Museum
07:41 A Traditional Food in Bagan: Pone Ye Gyi
07:53 Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song "Surviving Hardship"
08:01 Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
08:17 Today Myanmar
08:28 Products of Myanmar - Stone Of The Heavens
08:53 Traditional Snacks
08:28 Products of Myanmar - Craft Blacksmithing
08:53 Water Festival Innwa Era
09:01 News
09:26 Global Partnership for Brighter Future: Nicaragua Pavilion at Expo 2020 Dubai
09:36 Artist Life: Designer May Myat Waso

MRTV NRC

MRTV WNI

MRTV National News

MRTV Sports

Sports News
Soccer View/ Weekly Sports Info

Education Channel

## အသိပေးကြေညာချက်

ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေနှင့် ငွေကြေးဈေးကွက်တည်ငြိမ်မှုသည် များစွာအရေးပါသည့်အတွက် ပြည်တွင်းရွှေနှင့် ငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**ကို ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းကော်မတီသည် ပြည်တွင်းငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်ကြားစာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ငွေကြေးဈေးကွက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သော ဆောင်ရွက်မှုများဖြစ်သည့် နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်း ပြုလုပ်သူများ၊ အိမ်ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့ အခြေပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကန့်သတ်ချက်များအတိုင်း လိုက်နာမှုမရှိသူများ၊ ဘဏ်များတွင်အပ်နှံထားသည့် ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသားလက်ဝယ်ထိန်းသိမ်းထားသူများက ဘဏ်အကောင့်တွင် အပ်နှံထားသည့် ကျပ်ငွေများကို ရာခိုင်နှုန်းယူ၍ ငွေသားဖြင့်လဲလှယ်ထုတ်ပေးခြင်းတွင် ပါဝင်ပတ်သက်သူများကို သိရှိပါက **ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**၏ တိုင်ကြားစာစိစစ်ရေးအဖွဲ့ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၉၄၆၃၊ လက်ကိုင်ဖုန်းနံပါတ် ၀၉-၄၃၀၀၆၈၃၃ နှင့် Email လိပ်စာ gmm.complaint@cbm.gov.mm သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်**
**ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့်လုပ်ငန်းများတွင် လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သင်္ကြန်ကာလ ရုံးပိတ်ရက်အတွင်း ဘုရားဖူးလာရောက်သူ တစ်ရက်လျှင် လူဦးရေ ၇၀၀၀၀ ခန့် လာရောက်ဖူးမြော်

**ညောင်ဦး ဧပြီ ၁၆**

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် အထင်ကရ ဘုရားများတွင် သင်္ကြန်တွင်းရုံးပိတ်ရက်ကာလအတွင်း ဘုရားဖူးလာရောက်သူ တစ်ရက်လျှင် ၇၀၀၀၀ ခန့် လာရောက်ဖူးမြော်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ သိရသည်။

**ဝင်ရောက်ဖူးမြော်**

ယခုရက်ပိုင်းတွင် ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူ ၇၀၀၀၀ ခန့် လာရောက်ဖူးမြော်လျက်ရှိပြီး ဂေါပကအဖွဲ့ထားရှိသည့် ဘုရား ၁၉ ဆူတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ဖူးမြော်စေကြောင်းလည်း သိရသည်။

ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေကြောင်းခရီးဖြင့် လာရောက်ကြခြင်း၊ ကိုယ်ပိုင်ကားများ၊ ခရီးသွားလုပ်ငန်းကားများဖြင့် လာရောက်ကြကာ သင်္ကြန်ရုံးပိတ်ရက်အတွင်း ခရီးသွားဘုရားဖူးသည့်သည် အဝင်များလျက်ရှိရာ အီးဗိုက်၊ မြင်းလှည်း၊ တုတ်တုတ်(ခေါ်) မီနီအိုးဝေများ၊ တိုးကားများ အငှားလိုက်ရပြီး ဝင်ငွေကောင်းနေကြကာ စားသောက်ဆိုင်များလည်း ဘုရားဖူးများခြင်းကြောင့် ရောင်းအားကောင်းနေကြကြောင်း သိရသည်။

**ကိုထိန်**





## တောင်ငူမြို့ ဗဟိုမဏ္ဍပ်၌ မဟာသင်္ကြန်အတက်နေ့ ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲ

**တောင်ငူ ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူသင်္ကြန် ဗဟိုမဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အတက်နေ့ကို ကျင်းပရာ ပြည်သူများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

**သီဆိုညှော့ခံဖျော်ဖြေ**

တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုများဖြင့် ယိမ်းအဖွဲ့နှင့် ဖျော်ဖြေရေးအစီအစဉ်များကို အေးချမ်းပျော်ရွှင်စွာဖြင့် တောင်ငူဗဟိုမဏ္ဍပ်၌ သီဆိုညှော့ခံဖျော်ဖြေကြသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ အလှူရှင်များကလည်း စတုဒိသာများ ကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ရေကစားမဏ္ဍပ်တွင် ပြည်သူများ ပျော်ရွှင်အေးချမ်းစွာဖြင့် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**ဇော်ထက်(တောင်ငူ)**

## ဟိုပန်မြို့ရှိ မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ် ကြည့်ရှုအားပေး

**ဟိုပန် ဧပြီ ၁၆**

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့် ဇနီး ဒေါ်အားရီတို့သည် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်အတူ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် ဟိုပန်မြို့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကွင်းအတွင်းရှိ အတာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ယမန်နေ့(သင်္ကြန်အကြတ်နေ့) ညနေပိုင်း အစီအစဉ်မြန်မာ့ရိုးရာယဉ်ကျေးမှုယိမ်းအကအလှများ ကပြဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် ဟိုပန်မြို့နယ်ရှိ ဌာနဆိုင်ရာ သင်္ကြန်ယိမ်းအကအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များရှိ သင်္ကြန် ယိမ်းအကအဖွဲ့များနှင့် သင်္ကြန်ချစ် ပြည်သူများက ခေတ်ပေါ်တေးဂီတတေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ၎င်းယိမ်းအကအလှအဖွဲ့များအား ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြသည်။

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှစတင်၍ ရေကစားသူ၊ ရေပက်ခံသူများအား စတုဒိသာအလှူဒါန အကျွေးအမွေးအစီအစဉ်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုယိမ်းအဖွဲ့များ၏ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**




**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ၁၃၈၃ ခုနှစ် မဟာသင်္ကြန်ပွဲတော် အတက်နေ့ ပုံရိပ်များ



ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
လင်းရာမ



တောင်ကုတ်မြို့၌ ရေကစားသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)



သာယာဝတီမြို့နယ်၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများကို တွေ့ရစဉ်။
သန့်ဇော်(သာယာဝတီ)



ရေကြည်မြို့နယ်၌ အဆိုအကများဖြင့်ဖျော်ဖြေကာ ရေကစားသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
အောင်သူဟန်(ပြန်/ဆက်)



ပျဉ်းမနားမြို့နယ်၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)



ဇလွန်မြို့နယ် ရေကစားမဏ္ဍပ်၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများကို တွေ့ရစဉ်။
ဇလွန်(ပြန်/ဆက်)



အောင်လံမြို့၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများကို တွေ့ရစဉ်။
မျိုးသိန်း(ပြန်/ဆက်)



မအူမြို့ ဗဟိုမဏ္ဍပ်၌ အဆိုအကများဖြင့်ဖျော်ဖြေကာ ရေကစားသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။
မအူမြို့(ပြန်/ဆက်)



သံတွဲမြို့၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)

# ၁၃၈၃ ခုနှစ် မဟာသင်္ကြန်ပွဲတော် အတက်နေ့ ပုံရိပ်များ


ငပလီကမ်းခြေ၌ အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ငပလီ(ပြန်/ဆက်)


ချောင်းသာကမ်းခြေ၌ အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ကျော်ကျော်(ပြန်/ဆက်)


တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ပုလုံးတုံးတုံးကမ်းခြေ၌ အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ သတင်းစဉ်


မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ယောချောင်းအတွင်း၌ အေးချမ်းပျော်ရွှင်စွာ ရေကစားနေသည်ကို တွေ့ရစဉ်။ ကိုဇွဲ(အညာမြေ)


ဖြူးမြို့နယ် ဖြူးချောင်းဆည်ရေပိုလွှဲအတွင်း၌ အေးချမ်းပျော်ရွှင်စွာ ရေကစားနေသည်ကို တွေ့ရစဉ်။ နေမျိုးလွင်(ပြန်/ဆက်)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)





## အလှထနောင်းမြရိပ်ဝေကဗျာများ

အမျိုးသားစာပေဆုရ ရဟန်းစာဆို အရှင်ဇဝန (ကဗျာဆရာဇာနည်) ပြုစုရေးသားသည့် အလှထနောင်းမြရိပ်ဝေကဗျာများစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် ကျေးဇူးဂုဏ်ရည်၊ လွမ်းငွေ့သံသရာ၊ မြအေးရိပ်၊ ခရီးတူလမ်းတူ၊ အလှထနောင်းမြရိပ်ဝေ၊ ဒြပ်ပုံတူ၊ မြင်းမိုရ်ဖန်ကူ၊ ခါသကြ်န် သည်နေ့ခေတ်၊ တောင်ထိပ်ပေါ်မှာ၊ ရှင်းသန့်အလင်း ချစ်ခြင်းကမ္ဘာမြေ၊ ရင်ခွေထဲက ပိတောက်ခင်၊ အလှနှင်းဆီ၊ မေတ္တာလမ်းစမ်းမြရေ၊ အတ္တခရီး၊ အနေပျော် မော်သည့်ဘဝ အစရှိသည့် ကဗျာအပိုဒ်ရေ ၇၀ ကျော်ကို ပြုစုရေးသားထားသည်။

စာအုပ်တွင် ၂၀၁၇ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေ စာမူပြိုင်ပွဲဝင် ဒုတိယဆုရ ကဗျာများကို စုစည်းရေးသားထားခြင်းဖြစ်ပြီး ရှင်မတောင်စာပေ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈၊ ၀၉ ၇၇၇၃၃၉၄၇၇ တို့မှ ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။




## ဂုဏ်တော်မျက်ရှု

စာရေးသူ မျက်ရှုဦးကျော်လွင် (ဓမ္မာစရိယ၊ ပါဠိပါရဂူ) ပြုစုရေးသားသည့် ဂုဏ်တော်မျက်ရှု အရဟံငါးမျိုးနှင့် ဂုဏ်တော်မျက်ရှု စာပေါင်းစုစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် ပထမပိုင်းနှင့် ဒုတိယပိုင်းဟူ၍ ခွဲခြားရေးသားထားပြီး ပထမပိုင်းတွင် ဂေါတမဗုဒ္ဓဝင်အကျဉ်း ပါရှိပြီး ယင်းအခန်းတွင် မြတ်စွာဘုရားလောင်းပါရမီဖြည့်ခန်း၊ ဗျာဒိတ်တော်ခံယူခန်း၊ ဖွားမြင်တော်မူခန်း၊ မင်းစည်းစိမ်ခံစားခန်း၊ တောထွက်တော်မူခန်း၊ သုံးလောကထွတ်ထား ဘုရားရှင်ဖြစ်တော်မူခန်းနှင့် တရားဦး ဓမ္မစကြာဟောတော်မူခန်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခန်းစသည်တို့ပါရှိကာ စာအုပ်ဒုတိယပိုင်းတွင် ဗုဒ္ဓါနုဿတိ၊ အရဟံငါးမျိုး၊ သုဂတောငါးဖြာ၊ ဘဂဝါ ခြောက်ချက်၊ ဂုဏ်တော်ဗုဒ္ဓ သုံးဖန်လှ၊ ဂုဏ်တော်စုံ အဓိပ္ပာယ်၊ ဂုဏ်တော်ပလ္လင်၊ ဂုဏ်တော်စေတီ၊ ဂုဏ်တော်ကွန်ချာ၊ သရဏဂုံ ကိုယ်လုံခြုံ အကုန်သိဒ္ဓိပေါက် စသည့် ဆောင်းပါးတိုများကို လေ့လာဖတ်ရှုရမည့်ဖြစ်သည်။

စာအုပ်ကို အမှတ်-၂၈(က)၊ ၁/ အနော်မာ(၃)လမ်း (အနောက်)၊ သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၇၇၃၃၉၄၇၇တို့မှ ကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိ အဆင့်မြင့်ရုပ်ရှင်ရုံ မြန်မာနှစ်ဆန်းတစ်ရက်တွင် စတင်ဖွင့်လှစ်ပြသမည်

ဇေယျာသီရိ မေ ၁၆

ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိအဆင့်မြင့်ရုပ်ရှင်ရုံကို ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီပိတ်ထားခဲ့ရာမှ မြန်မာနှစ်ဆန်းတစ်ရက်တွင် ဒါရိုက်တာညွှန့်မြန်မာညီညီအောင် ရိုက်ကူးပုံဖော်ထားသည့် “ဝေးမနေချင်ဘူး” ရုပ်ရှင်ဇာတ်ကား ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ဖွင့်လှစ်ပြသ

ကိုဗစ်-၁၉ ကာလအတွင်းရပ်နားထားသည့် ဇေယျာသီရိမြို့နယ် ကုန်တိုက်အတွင်းရှိ ဇေယျာသီရိအဆင့်မြင့်ရုပ်ရှင်ရုံကို ကိုဗစ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ရုပ်ရှင်သရုပ်ဆောင် လူမင်း၊ နေမင်းနှင့် ရွှေမှုံရတီတို့ ပါဝင်သရုပ်ဆောင်ထားကြပြီး ဇေယျာသီရိအဆင့်မြင့်ရုပ်ရှင်ရုံတွင် နံနက် ၁၀ နာရီခွဲ၊ မွန်းလွဲ ၁ နာရီနှင့် ညနေ ၃ နာရီတို့တွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■



## မြိတ်မြို့၌ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံတကာအဆင့်မီ ငါးလေလံဈေးကြီးကို ၂၀၂၈ ခုနှစ် အပြီးတည်ဆောက်မည်

မြိတ် မေ ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု၌ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံတကာအဆင့်မီ ငါးလေလံဈေးကြီးတစ်ခုကို ၂၀၂၈ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးသည် ရေလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်ကြပြီး မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေရသည့်အတွက်ကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ငါးဈေးကွက်တစ်ခု ပေါ်ပေါက်လာစေရန်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

စီမံကိန်းစတင်သည့်အချိန်တွင် အလုပ်အကိုင်အခွင့်အလမ်းများ သောင်းချီဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ လုပ်ငန်းလည်ပတ်သည့်အခါတွင်လည်း ငါးဈေးကွက်နှင့်ဆက်စပ်သည့် အလုပ်အကိုင်အများအပြားရရှိနိုင်မည်ဖြစ်ကြောင်း မြိတ်အများပိုင်ကော်ပိုရေးရှင်းမှ ဒါရိုက်တာတစ်ဦးက ပြောကြားသည်။

အဆိုပါစီမံကိန်းကို လုပ်ငန်းကာလ ခုနစ်နှစ်သတ်မှတ်ထားရာ တည်ဆောက်ရေးလုပ်ငန်းစတင်သည့်အချိန်မှစ၍ အလုပ်အကိုင်အခွင့်အလမ်း သောင်းနှင့်ချီကာ ရရှိမည်ဖြစ်ကြောင်းနှင့် စီမံကိန်းကို အပိုင်းလေးပိုင်းခွဲထားပြီး ငါးတင်၊ ငါးချဆိပ်ကမ်း၊ အအေးခန်းများ၊ ကုန်ကြမ်းများကို အချောထည်လုပ်မည့် စက်ရုံများ၊ လူနေအိမ်ရာများ၊ ဆက်စပ်နေရာများ၊ စီမံကိန်းအတွက် ထပ်မံတိုးချဲ့မည့်နေရာများ ပါဝင်မည်ဖြစ်ကြောင်း မြိတ်အများပိုင်ကော်ပိုရေးရှင်းမှ ဒါရိုက်တာတစ်ဦးက ပြောကြားသည်။

၂၀၁၉-၂၀၂၀ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ရေထွက်ကုန်ပစ္စည်းတန်ချိန် သုံးသိန်းကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၄၇ ဒသမ ၅၁ သန်းရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ငါးလေလံဈေးကြီးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက ထိုင်းနိုင်ငံ၏ ရေလုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများ မိမိနိုင်ငံသို့ ပြန်လာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး (မြိတ်)

## မိုင်းယုမြို့၌ ရိုးရာဓလေ့ နတ်ငါးခေါ်ယူဆုတောင်းခြင်း ကျင်းပ

မိုင်းယု မေ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ ဒေသခံ ရှမ်းတိုင်းရင်းသားတို့သည် မိမိတို့ဒေသ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆန်ရေစပါးပေါများစေလိုခြင်း၊ ကျန်းမာကောင်းမွန်စေခြင်း၊ စီးပွားလာဘ်လာဘ တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်လျက် ရိုးရာဓလေ့ နတ်ငါးခေါ်ယူဆုတောင်းခြင်းကို မေ ၁၄ ရက်က နမ့်လွေချောင်းကမ်းစပ်၌ ကျင်းပသည်။

အဆိုပါ နတ်ငါးပူဇော်မှုကို တစ်နှစ်လျှင်တစ်ကြိမ် တန်ခူးလကွယ်မှ ကဆုန်လဆန်းအတွင်း ပြုလုပ်လေ့ရှိပြီး နတ်ငါးစတင်ခေါ်ယူသည့် နေ့ရက်မှစ၍ မိုင်းယုမြို့ပေါ်နှင့် ကျေးရွာများမှ ကာလသားဖြစ်ကြသော လူပျိုနှင့် အိမ်ထောင်သည်ဖြစ်လျှင် မိသားစုနှင့်ခွဲနေရပြီး တစ်ရွာလျှင် နှစ်ဦးစီဖြင့် စုစုပေါင်း ၂၀ ခန့်က သွားရောက်ခေါ်သည့်အခါတွင် လူသူမသိအောင် နံနက် ၂ နာရီတွင်စတင်ကာ တိတ်တဆိတ် လှေများဖြင့်သွားရကြောင်း၊ နတ်ငါးရှိနိုင်သည့် နမ့်လွေချောင်းစီးဆင်းရာတစ်လျှောက်ရှိ မိုင်းလွေကျေးရွာအုပ်စု၊ ဝမ်ယမ်းခမ်းကျေးရွာအထိ သွားရောက်ကာ ခေါ်ယူရပြီး အဆိုပါ နတ်ငါးခေါ်ယူနေစဉ်တွင် မည်သည့်ရေသတ္တဝါတစ်ကောင်မဆို ယင်းချောင်းအတွင်းမှ လှေပေါ်သို့ ခုန်တက်ခြင်း၊ ကိုယ်ရောင်ပြခြင်းစသည့် လိုက်ပါကြောင်း နိမိတ်လက္ခဏာအဖြစ် ပြလေ့ရှိသည်။

ယင်းနောက် ကမ်းစပ်တွင် မြို့/ရပ်ရွာအုပ်ချုပ်သူက ဦးဆောင်ကာ မြို့မိမြို့ဖများနှင့် နတ်ငါးခေါ်သည့်အဖွဲ့များက ရိုးရာဓလေ့လုပ်ထုံးလုပ်နည်းများဖြင့် ပူဇော်ကြကြောင်း မိုင်းယုမြို့မိမြို့ဖများထံမှ သိရသည်။

ကိုကိုနိုင်



# ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

မြစ်ကြီးနား ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုရပြိုင်ပွဲဝင် ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ (သင်္ကြန်အတက်နေ့) ညနေ ၄ နာရီတွင် မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ယိမ်းအဖွဲ့များကယိမ်းအကအလှများ၊ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆုရယိမ်းအဖွဲ့များအား ဆုချီးမြှင့်ရာတွင် စီဒီခွေသင်္ကြန်သီချင်းဖြင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ခုနစ်ဖွဲ့အနက် ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုများနှင့် နှစ်သိမ့်ဆုရယိမ်းအဖွဲ့များအား ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ကိုယ်ပိုင်သံစဉ်/ စာသား၊ ဆိုင်းဝိုင်းဖြင့် ပြိုင်ပွဲဝင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရယိမ်းအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးတစ်ဦးက ပြိုင်ပွဲများအတွက် အကဲဖြတ်ဒိုင်အဖွဲ့အား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ပြီး ဆုရယိမ်းအဖွဲ့များက သင်္ကြန်တေးသီချင်းအကအလှများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းလိုက်ကြောင်းနှင့် ၁၃၈၄ ခုနှစ် နှစ်သစ်ကို ကြိုဆိုလိုက်ကြောင်း ကြေညာပြီး ယိမ်းအဖွဲ့များ၏ "မန်းတောင်ရိပ်ခို" တေးသီချင်းဖြင့် အဖွဲ့လိုက် ကပြဖျော်ဖြေမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက အတာရေများ ပက်ဖျန်းပေးကြကာ မဟာသင်္ကြန်ပွဲတော်အား ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# လွိုင်ကော်မြို့၌ အတာသင်္ကြန်ပွဲတော် ယိမ်းအကအလှ ဆုချီးမြှင့်ခြင်းနှင့် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကျင်းပ

လွိုင်ကော် ဧပြီ ၁၆

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် ယိမ်းအကအလှ ဆုချီးမြှင့်ခြင်းနှင့် မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့ (သင်္ကြန်အတက်နေ့) မွန်းလွဲပိုင်းက နောင်ယား (ခ) ရပ်ကွက်ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် ကျင်းပသည့် သင်္ကြန်ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် နှေဦးရွှေပန်းချီယိမ်းအဖွဲ့၊ ဒုတိယဆုရရှိသည့် ပန်းပိတောက်ယမင်းပျိုယိမ်းအဖွဲ့၊ တတိယဆုရရှိသည့် မင်္ဂလာသင်္ကြန်ယိမ်းအဖွဲ့နှင့် နှစ်သိမ့်ဆုရရှိသည့် ယိမ်းအဖွဲ့များအား ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး သင်္ကြန်ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို" သီချင်းဖြင့် စုပေါင်းသီဆိုကပြဖျော်ဖြေကြ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက အတာသင်္ကြန်ရေပက်ဖျန်းကြကာ ပထမဆုရရှိသည့် ယိမ်းအဖွဲ့က ပြန်လည်ကပြဖျော်ဖြေပြီး မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို ပိတ်သိမ်းခဲ့သည်။

လွိုင်ကော်မြို့၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို သင်္ကြန်အကြိုနေ့မှစတင်ပြီး သင်္ကြန်အတက်နေ့အထိ မြို့ပေါ်ရှိ သင်္ကြန်မဏ္ဍပ်အသီးသီးတွင် ယိမ်းအကအလှပြိုင်ပွဲများ၊ ဖျော်ဖြေပွဲများ၊ ခေတ်ပေါ်တေးဂီတများဖြင့် မြန်မာ့နှစ်သစ်ကူးတွင် ပြည်သူများအား အပန်းဖြေစေနိုင်ရေးအတွက် ဖျော်ဖြေပေးခဲ့ကြပြီး ကယားပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက နေ့စဉ် စတုဒိသာကျွေးမွေးလှူဒါန်း၍ သင်္ကြန်မောင်မယ်များက သင်္ကြန်ရေပက်ဖျန်းကြကာ အေးချမ်းပျော်ရွှင်စွာဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကြီးကို ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**






# ချင်းပြည်နယ်၌ သင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

ဟားခါး ဧပြီ ၁၆

၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် အတက်နေ့ဖျော်ဖြေရေး အစီအစဉ်များကို ယနေ့နံနက် ၉ နာရီခွဲက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ချင်းပြည်နယ် မဟာသင်္ကြန်ပွဲတော်တွင် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် သင်္ကြန်မယ်များနှင့် ယိမ်းအဖွဲ့များအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပပြီး ဆုရရှိသည့် သင်္ကြန်မယ်နှင့် ယိမ်းအကအဖွဲ့များက ပြန်လည်ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးများက ဟားခါးတပ်နယ်ရေကစားမဏ္ဍပ်၌ ယိမ်းအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ အတာရေများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ညနေ ၃ နာရီတွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ယိမ်းအကအဖွဲ့များက "မန်းတောင်ရိပ်ခို" သီချင်းဖြင့် စုပေါင်းသီဆိုဖျော်ဖြေတင်ဆက်ကြကာ ၁၃၈၃ ခုနှစ် ချင်းပြည်နယ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မကွေးမြို့သင်္ကြန်အတက်နေ့တွင် ကမ်းနားလမ်းဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာန ရေကစားမဏ္ဍပ်များတွင် ရေကစားလာပြည်သူများဖြင့် စည်ကားများပြား




မကွေး ဧပြီ ၁၆

မကွေးတိုင်းဒေသကြီးတွင် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်အသီးသီးတွင် ကျင်းပလျက်ရှိရာ (သင်္ကြန်အတက်နေ့) ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးလေတပ်စခန်းဌာနချုပ်မှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မကွေးမြို့ ကမ်းနားလမ်းရှိ ရေကစားမဏ္ဍပ်များသို့ သွားရောက်လှည့်လည်ကြည့်ရှုရာ ရေကစားလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုအားပေးရာတွင် ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများက မကွေးမြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်တွင် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့အသီးသီးမှ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင် ယိမ်းအကဖွဲ့များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ ဆုများပေးအပ်ချီးမြှင့်ခြင်း၊ ရေကစားလာသည့် ပြည်သူများအား မြန်မာ့ရိုးရာမုန့်များဖြင့် စတုဒိသာကျွေးမွေးဧည့်ခံမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အလားတူ မကွေးတိုင်းဒေသကြီးအတွင်းရှိ အထင်ကရနေရာများဖြစ်သည့် မကွေးမြသလွန်စေတီတော်မြတ်ကြီး၊ မန်းရွှေစက်တော်ဘုရား၊ ဆင်စခန်းနှင့် ကျောင်းတော်ရာဘုရားတို့တွင် အပန်းဖြေအနားယူ ရေကစားလာပြည်သူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားများပြားလျက်ရှိပြီး မကွေးမြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာန မဏ္ဍပ်ခြောက်ခု စုစုပေါင်း မဏ္ဍပ်ခုနစ်ခုတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး သင်္ကြန်မဏ္ဍပ်များသို့ ရေကစားလာကြသည့် ပြည်သူများအား နေ့စဉ် မြန်မာ့ရိုးရာမုန့်များဖြင့် စတုဒိသာကျွေးမွေးဧည့်ခံလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဝတ္ထုတို




# အပြုံး၏ နောက်ကွယ်

**စပယ်ဦး(နောင်ချို)**

(၁)

"အဘွားက အိုဇာတာကောင်းပါတယ်။ မပူမပင် မကြောင့်မကြနဲ့ နေနိုင်စားနိုင်တယ်ဆိုတာ နည်းတဲ့ကံလား" အိမ်မှာ အဝတ်လာလျှော်သည့် မလုံးစကားကြောင့် ဒေါ်ခင်နွယ်တစ်ယောက် ပြုံးလိုက်မိပါသည်။

သို့သော် သူ့အပြုံးကို သရုပ်ခွဲတတ်သူဆိုပါက မချိပြုံးဖြစ်ကြောင်း သိပါလိမ့်မည်။

"ကျွန်မတို့သာ တစ်နေ့ထမင်း နှစ်နပ်စားရဖို့အရေး ရှုန်းကန်နေရတာ။ သူများလို သုံးနပ်တောင် မစားနိုင်ပါဘူး အဘွားရယ်။ ဒါတောင် ဟင်းဆိုတာက ပါတယ်ဆိုရုံ" အဝတ်တွေကို သမံတလင်းပေါ် ဖြန့်ပြီး ဘရပ်ရှ်နှင့် နာနာခြစ်ရင်း ဘဝအမောကို ရင်ဖွင့်နေသည့် မလုံး။ လေသံကဖျော့တော့မနေဘဲ အသံစာစာနှင့် ခပ်ကျယ်ကျယ်ပြော၍ အဝတ်တွေကိုပဲ အငြိုးထားနေသည့်အလား၊ တဖုန်းဖုန်း ထုရိုက်ရင်း တစ်ထည်ပြီးတစ်ထည် မြန်ဆန်သွက်လက်စွာ လျှော်နေသည်။

"အော်...မလုံးရယ်... ငါတို့တုန်းကလည်း ဒီလိုပဲ ရုန်းကန်လည်ပတ်ခဲ့ရတာပါပဲအေ။ ကလေးတွေ အရွယ်ရောက်ရင်နင်လည်း အိုဇာတာကောင်းမှာပါဟဲ့" ဒေါ်ခင်နွယ်၏ ဖြေသိမ့်စကားကို မလုံးက နှုတ်ခမ်းတစ်ချက်မဲ့၍ ပြန်ပြောသည်။

"အမလေး ..မထင်ပါဘူး အဘွားရယ်။ သိတတ်မယ့်ဟာတွေလည်း မဟုတ်ပါဘူး။ ကျွန်မကတော့ ကိုယ့်မလုပ်ကျွေးရင်နေပါ။ကိုယ်က လုပ်မကျွေးရတော့ရင်ပဲ တော်ပါပြီ။ ပင်ပန်းလှပြီ။ ဒီယောကျ်ားယူပါပြီဆိုကတည်းက အလုပ်နဲ့လက်မပြတ်ရတာ။ အနားယူချင်ပြီ။ သူများတွေလို ကြီးကြီးကျယ်ကျယ် ပြောရရင် ဘဝကခါးတယ် အဘွားရေ..အဟင်းဟင်း"

"ဘဝတွေက ဒီလိုပါပဲအေ။ ညည်းတစ်ယောက်တည်း မဟုတ်ပါဘူး။ ကဲ ကဲ စကားများမနေနဲ့။ အဝတ်တွေလည်း ပြောင်အောင်လျှော်ဦး။ အပြန်ကျ ငါးဟင်းချက်ထားတာ အများကြီးပဲ ယူသွား။ ကြက်ဥလည်း ထုပ်ထားလိုက်မယ်" ဒေါ်ခင်နွယ်စကားကြောင့် မလုံးဟန်ကပိုတက်ကြွသွားသည်။

"ဟုတ်..ပြောင်ပါတယ် အဘွားရဲ့။ ကျေးဇူးပါ အဘွားရေ"

မလုံးတစ်ယောက် အဝတ်တွေ လျှော်ဖွပ်လှန်းပြီးတော့ လုပ်အားခငွေငါးထောင်နှင့် ဟင်းထုပ်လေးတွေ လက်ကဆွဲ ပြန်သွားလေသည်။

ခပ်သုတ်သုတ် လျှောက်လှမ်းသွားသည့် မလုံးကျောပြင်ကြည့်၍ ဒေါ်ခင်နွယ် သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ဒေါ်ခင်နွယ်အတွက်လည်း တစ်ချိန်တုန်းကတော့ မျှော်လင့်ကြည်နူးမိသည့် အိမ်ထောင်သည်ဘဝပင်။ ခါးသက်သည့် အရိပ်တွေအပြည့်နှင့် အတိတ်တွေဆီသို့ ဒေါ်ခင်နွယ်တစ်ယောက်နောက်တစ်ခေါက် ရောက်ရပြန်ပြီလေ။

(၂)

"မိနွယ်ရေ နင့်အမေ ခေါ်နေတယ်။ သွားလိုက်ဦး"

ကျောင်းသွားဖို့ ပြင်နေသည့် မိနွယ်တစ်ယောက် အဒေါ်ဖြစ်သူစကားကြောင့် လွယ်အိတ်လေးလွယ်ရင်း တစ်အိမ်ကျော်လောက်က အမေ့အိမ်ဆီ အပြေးလေး သွားလိုက်မိသည်။ မိနွယ်က အခုဆိုလေးတန်း။ ကျောင်းစာတွေက မိနွယ်နားမလည်တာတွေ ပိုများလာသည်။

"အမေ..ကျုပ်ကို ခေါ်တယ်ဆို"

"အေးဟေ့...နင့် မောင်လေး စိုးလှကို ထိန်းပေးဦး။ နေသိပ်မကောင်းချင်ဘူး။ ငါက ယာထဲ ပဲနုတ်သွားရမှာမို့။ ဒီနေ့ ကျောင်းမသွားနဲ့တော့ ကြားလား"

အမေက ပြောပြောဆိုဆို ခမောက်လေးဆောင်း၍ ထွက်သွားလေတော့သည်။

မောင်လေးခေါ်ပြီးအဘွားအိမ်ရောက်တော့အဘွားက မျက်မှောင်ကုတ်ကြည့်၏။

"ဘာလဲ ကလေး ထိန်းရပြန်ပြီလား"

"ဟုတ်ပ့ါ..အဘွားရယ်။ အမေ ပဲသွားနုတ်ရမှာမို့တဲ့"

"အေး ..ငါ့မြေးလည်း ဝဋ်ပါပဲ"

အဘွားက သက်ပြင်းတစ်ချက်ချရင်း မိနွယ်ကို သနားသလို ကြည့်သည်။

(၃)

မိနွယ် မွေးပြီးပြီးချင်း မိနွယ်အဖေက ပိုးထိလို့ ဆုံးသွားသည်။ မိနွယ် ငါးနှစ်လောက်မှာအမေက နောက်အိမ်ထောင်ထူသည်။

"ငါ့မြေးတော့ ပထွေးနဲ့ မထားဘူး" ဟုဆိုကာ အဖေ့၏အမေ မိနွယ်အဘွားက သူ့အိမ်ခေါ်ထားပြီး ကျောင်းထားပေးသည်။အမေကနောက်အိမ်ထောင်နှင့် ကလေးနှစ်ယောက်မွေးသည်။ အဘွားက ခေါ်ထားသည်ဆိုပေမယ့် မိနွယ်ခမျာ အမေလှမ်းခေါ်တိုင်း အမေ့၏ နောက်အိမ်ထောင်နှင့်မွေးသည့်မောင်လေးနှစ်ယောက်ကို ထိန်းရသည်။

မိနွယ်အမေက ခိုင်းစရာရှိလျှင်သာ ခေါ်ခိုင်းပြီး စားချိန်တန်လျှင် "နင့်အဘွားအိမ်သွားစားတော့"ဟု အမြဲပြောသည်။

အဘွားက မိနွယ်ကို ချစ်ပါသည်။ မချမ်းသာပေမယ့် ယာတွေ၊ နွားတွေ သူများ အငှားပေးထားတော့ ပေါပေါများများ စားနိုင်သောက်နိုင်ပါသည်။ မိနွယ်ကို အဘွားက ရွှေဆင်ပေးလည်း မမြဲ။

"နင့်မောင်တွေ ရှင်ပြုဖို့ ငွေမလောက်လို့" ဟုဆိုကာ မိနွယ်ကိုယ်ပေါ်က ရှိသမျှ ရွှေ ကုန်ခဲ့ရတာချည်း။ အဘွားသိလို့ အမေနှင့် စကားများကြလျှင် မိနွယ်ကတော့ မကြားသလိုဘဲ နေလိုက်တော့သည်။ နောက်တော့ အဘွားလည်း မဆင်နိုင်တော့။

(၄)

မိနွယ် အသက်ဆယ့်သုံးနှစ်လောက်မှာ စာတွေလည်း မလိုက်နိုင်တော့တာနှင့် ကျောင်းထွက်လိုက်ရသည်။ အရွယ်လေးရောက်လာတော့ လှချင်ပချင် ဝတ်ချင်စားချင်လာသည်။ အဘွားမသိအောင် အလုပ်ခိုးလုပ်သည်။ မိနွယ်တို့ဆီမှာ ဆေးလိပ်ဖိုတွေရှိသည်။ သူငယ်ချင်းတစ်ယောက်၏ အစ်မနှင့်အတူ ဆေးလိပ်ဖိုလိုက်ပြီး ဆေးလိပ်လိပ်သည်။ မိနွယ် အလုပ်လုပ်တာသိတော့ အဘွားက သိပ်တော့မဆူရှာ။

"အဘွား ငါ့မြေးတော့ ကျွေးနိုင်ပါသေးတယ်" လို့ ပြောရှာသည်။

နောက်ပိုင်း အဘွားကို အဒေါ်တို့ မိသားစုက သူတို့ပဲစောင့်ရှောက်တော့မည်ဟုဆိုကာ အဘွားအိမ်ကို အပိုင်စီးပြီး အဘွားကို သူတို့ပဲ ထမင်းကျွေးသည်။ မိနွယ်လည်း အဘွားအိမ်မှာ မနေချင်တော့တာနှင့် သူငယ်ချင်းလှမေ၏ အစ်မနှင့် အတူနေကာ အတူချက်စားကြသည်။

မိနွယ် အသက်ဆယ့်ခြောက်နှစ်မှာ ကံကောင်းသည်လား၊ ကံဆိုးသည်လားတော့မသိ။ ချစ်သူ တစ်ယောက်ရသည်။ မိနွယ် ချစ်သူ ကိုညွန့်ဝေက လူရိုးလူအေး။ အင်ဂျင်နီယာပေါက်စလေး။ မိနွယ်တို့မြို့မှာ တာဝန်နှင့် ခဏရောက်လာသည့်သူ။ မိနွယ်နှင့် ချစ်သူဖြစ်ပြီး တစ်နှစ်ကြာတော့ တခြားတစ်နယ်ပြောင်းရသည်။ ပြောင်းသွားပြီး တစ်လကြာတော့ မိနွယ်ကို မခွဲနိုင်ဟုဆိုကာ လာခိုးသည်။ ချစ်သူ့မျက်နှာ တစ်ကမ္ဘာထင်လို့ မိနွယ်ခိုးရာလိုက်ခဲ့သည်။ သူအလုပ်လုပ်သည့်မြို့က တရားရုံးမှာ လက်မှတ်ထိုးကြသည်။ မိနွယ်အတွက် အားကိုးစရာဟု ယုံကြည်ကာ ရုန်းကန်နေရသည့်ဘဝက လွတ်မြောက်ပြီဟုတွေးပြီး ပျော်မိသည်။

(၅)

အမှန် လက်တွေ့ အိမ်ထောင်သည်ဘဝမှာ မိနွယ်ထင်သလို မဟုတ်ခဲ့။

အမေကို ရိုသေကိုင်းရှိုင်းသည့် ကိုညွန့်ဝေက သူ့အမေစကားမှလွဲလျှင် မိနွယ်စကားတောင် အမှန်မထင်တတ်သည့် ယောကျ်ား။ အနေရိုးပြီး မသောက်မစား မဟုတ်တာဘာမှ မလုပ်တတ်ပေမယ့် စိတ်တိုလာလျှင် လက်ပါတတ်သူ။ သူငယ်ပြန်ချင်နေသည့် ယောက္ခမ၏ ကတုံးကတိုက် စကားတွေနှင့် သူ့အမေစကားမှ အမှန်ထင်တတ်သည့် ယောကျ်ားကြားမှာ မိနွယ်က အထုထောင်းခံ ဘဝ။

သည်လိုနှင့် ဒုပေနာပေခံရင်း သားနှစ်ယောက် သမီးတစ်ယောက် ရသည့်အချိန်မှာ ယောက္ခမက လေဖြတ်သွားသည်။ ယောက္ခမ ပြုစုရ၊ ကလေး ဝေယျာဝစ္စတွေနှင့် မိနွယ်တစ်ယောက် အိမ်ထောင်ပြုမိတာ မှားလေခြင်းဟု နောင်တရမိသည်။ ဘယ်မှာလဲ သာယာကြည်နူးမှု၊ ပျော်ရွှင်မှု၊ ထမင်းနပ်မှန်အောင်စားရပြီး အသက်ဝဝရှူဖို့တောင် မအားသည့်အဖြစ်။

အိမ်မှုကိစ္စတွေနှင့် ဘဝကို အချိန်ကုန်ဖြတ်သန်းရင်း ယောက္ခမဆုံးတော့ အနည်းငယ် သက်သာရပေမယ့် နောက်ထပ် သမီးလေးမွေးလာတော့ ကလေးက လေးယောက်။ ကလေးတွေ ကျောင်းကိုယ်စီတက်သည့် အချိန်မှာတော့ ကိုညွန့်ဝေ ကုမ္ပဏီကရသည့် လခလေးနှင့် မိသားစုက မလောက်တော့။ အကြွေးတွေနှင့် တဖြည်းဖြည်း နစ်လာသည့်ဘဝမှာ သတ်သေချင်လောက်အောင် စိတ်ညစ်ခဲ့ရသည်။

ကလေးတွေ ကျောင်းပြီးတော့ မိနွယ်ဆီမှာ အကြွေးတွေက လည်ပင်းရောက်နေပြီ။ ယောကျ်ားသိအောင် တစ်မျိုး၊ မသိအောင်တစ်မျိုး အကြွေးတွေက မိနွယ်ကို ဝါးမျိုမတတ် စိတ်ဆင်းရဲသောကရောက်စေခဲ့သည်။ ကိုညွန့်ဝေ ရုတ်တရက် သွေးတိုးပြီး ဆုံးသွားသည်။ မိနွယ်တို့ဘဝ ပျာယာခတ်ခဲ့ရပြန်သည်။

ကုမ္ပဏီက နေခွင့်ပေးထားသည့် အိမ်က ဖယ်ပေးရတော့ နေစရာအိမ်လိုအပ်လာသည်။ စုဆောင်းထားသမျှ ထုခွဲ၍ အိမ်လေးတစ်လုံး ဝယ်လိုက်ရသည်။ ဘာလုပ်စားရမှန်း မစဉ်းစားနိုင်သေးခင်မှာဘဲ သားနှစ်ယောက်က မိန်းမယူသွားကြသည်။ သူတို့ဘဝ သူတို့ ရုန်းရင်း လုပ်ကိုင်စားသောက်ကြသည်။ အားကိုးစရာမဲ့သွားသည့် မိနွယ်နှင့် သမီးနှစ်ယောက်မှာ မျက်နှာငယ်ကျန်ခဲ့ရသည်။

သမီးကြီးက ရိုးအသူမို့ အပြင်အလုပ်လည်း မခိုင်းခဲ့။ အိမ်မှုကိစ္စတော့ နိုင်နင်းသည်။ ပြန်လှည့်ကြည့်စရာမလို။ သမီးငယ်က သွက်လက်ပြီး တော်သည်။ အမေနှင့် အစ်မလည်း ချစ်ရှာသည်။ သူ့ဘာသာ အလုပ်တွေ လိုက်လျှောက်ပြီး ကုမ္ပဏီတစ်ခုမှာ အလုပ်ရသည်။ အမေနှင့် အစ်မကို လုပ်ကျွေးရင်း လူကောင်းလေးတစ်ယောက်နှင့် အိမ်ထောင်ကျသည်။

သမီးငယ် သူ့ယောကျ်ားနောက်လိုက်သွားတော့ မိနွယ်တို့ သားအမိနှစ်ယောက်သာ ကျန်ခဲ့ရသည်။

ရှိသည့်ငွေလေးကို ဟိုဟိုသည်သည်ပေးထားပြီးရသည့် အတိုးလေးနှင့် စားလို့လောက်ပေမယ့် ငယ်ကတည်းက ရုန်းကန်ခဲ့ရသည့် ဒဏ်တွေက အသက်ရလာတော့ အတိုးနှင့်လာသလိုပင်။ ရောဂါမျိုးစုံ ဖြစ်လာရသည်။ ရသည့်အတိုးငွေက ဆေးဖိုးသာဖြစ်ခဲ့ရသည်။ လိမ္မာသိတတ်သည့် သမီးငယ်က သူ့အစ်မကို အမေ့နားမှာပဲ စောင့်ရှောက်ခိုင်းပြီး မိနွယ်တို့သားအမိ စားစရိတ်ကို ထောက်ပံ့ပေးရှာသည်။ သားနှစ်ယောက်ကတော့ သူတို့ဘဝနှင့်သူတို့ အဆင်ပြေနေကြပါပြီ။ အခါကြီးရက်ကြီးတွေလောက်သာ မျက်နှာမြင်ရသည့် သားတွေဖြစ်သည်။

(၆)

သားအမိနှစ်ယောက်တည်း ဘဝ မကြောင့်မကြ နေနိုင်တာကလည်း သမီးတွေကြောင့်သာ။ သမီးကြီးနေမကောင်းမှ မလုံးကို အဝတ်လျှော်ငှားရသည်။ ဒေါ်ခင်နွယ် ငယ်ဘဝက ဘယ်လောက်တောင် လောကဓံတွေ ခါးစည်းခံခဲ့ရသလဲဆိုတာ မလုံးကတော့ သိမည်မထင်။ တစ်နေ့လုပ် တစ်နေ့စား ဆိုပေမယ့် ကြွေးမြီမရှိသည့် မလုံးတို့မိသားစုက ပျော်စရာပါ။ မလုံးလာမှ ပူပူနွေးနွေးချက်ပြုတ် မိသားစုဝိုင်းစား၍ နွေးထွေးသည့် ထမင်းပွဲလေးဖြစ်မှာ အမှန်။

"အမေ့ ဘာတွေ တွေးနေတာလဲ"

သမီးကြီး အသံကြောင့် ဒေါ်ခင်နွယ် အတွေးတွေ ရပ်တန့်သွားရသည်။

"မလုံးကြည့်ပြီး တွေးမိလို့ပါအေ။ သူ့ခမျာ ခြေကျင်ထိုး တစ်နေ့လုံးအိမ်တကာလိုက်ပြီး အဝတ်လျှော်မှ ထမင်းနပ်မှန်ရတဲ့ဘဝ။ ယောကျ်ားယူတိုင်း အားကိုးရတာမဟုတ်ဘူး သမီးရဲ့။ ယောကျ်ားများ မယူနဲ့ ငါ့သမီးရေ။ အိမ်ထောင်ဆိုတာ သိပ်ကြောက်စရာကောင်းတယ်။ အမှန်ကထောင်ပဲလေ။ နွေးထွေးတဲ့ ထောင်ဖြစ်ဖြစ်၊ ကြမ်းတမ်းတဲ့ ထောင်ဖြစ်ဖြစ် ကိုယ့်ဘဝ ကိုယ်မပိုင်တာတော့ အမှန်ပဲ ငါ့သမီး"

ဒေါ်ခင်နွယ်အပြောကို သမီးကြီးက ရယ်ပြီး...

"အမေရယ် ..မယူချင်လို့ အမေနဲ့ အခုထိ နေနေတာပေ့ါ။မြင်တွေ့နေရတာပဲ သမီးမျက်စိရှေ့က လူတွေ။ မယူပါဘူး အမေရယ်။ တစ်ယောက်တည်းနေရတာ အေးချမ်းပါတယ်။ အမေ့လည်း မထားခဲ့နိုင်ပါဘူး စိတ်ချပါ"

သမီးကြီး အဖြေကို ဒေါ်ခင်နွယ်ကျေနပ်မိသည်။ တစ်ခါတလေ သမီးကြီးနောင်ရေး စိတ်မအေးပေမယ့် သူ့လို အိမ်ထောင်တစ်ခုနှင့် ဘဝကို အချိန်ကုန် ရုန်းကန်ရမည့်အဖြစ်မျိုး သမီးကြီးကို မကြုံစေချင်။

"လာ အမေ ထမင်းစားရအောင်"

"စားတာပေ့ါ သမီးရယ်"

ဒေါ်ခင်နွယ် သမီးကြီးနှင့်အတူ ထမင်းစားပွဲဆီသို့သွားရင်း သက်ပြင်းတစ်ချက်ချမိသည်။ စကားနည်းသည့် သမီးကြီးနှင့် ဒေါ်ခင်နွယ်၏ ထမင်းစားဝိုင်းလေးက တိတ်တိတ်ဆိတ်ဆိတ်သာ။

အိုဇာတာ ကောင်းတယ်ဆိုတာ သားသမီးမြေးတွေနှင့် သိုက်သိုက်ဝန်းဝန်း နေနိုင်တာလား။ မပူမပင်မကြောင့်မကြ စားနိုင်သောက်နိုင် တာလားဆိုတာ ဒေါ်ခင်နွယ်လည်း မသိတော့ပါ။

မလုံး ပြောသလိုပင်။ ယခုအနေအထားက အိုဇာတာကောင်းသည်ဆိုလည်း ကောင်းသည်ပဲပေ့ါ။

ဒေါ်ခင်နွယ် တစ်ယောက်တည်း တွေး၍ ပြုံးနေမိတော့သည်။ ။

## တန်ဖိုးရှိသောလူ ဖြစ်ပါစေ

❂ စကားကို ချိုသာပြောပါလို့
စိတ်မနော ဖြူစင်ပါ။
ယဉ်ကျေးစွာ ဆက်ဆံရေး
လေးစားလိုက်နာ။
❂ လူ့ကျင့်ဝတ် ရှိပေရာ
ကောင်းမွန်စွာ နေထိုင်သွား။
လောကဝယ် ပျော်ရွှင်မှုကို
ထုဆစ်စေသား။
❂ ညစ်ညမ်းစွာ အပြစ်စကား
ရှောင်ရှားစို့ ချစ်မိတ်ဆွေ။
စိတ်ဓာတ်ကို ဆေးကြောပြု
ကောင်းမှုရှာဖွေ။
❂ ပညာရှိ လူလိမ္မာတွေ
ချဉ်းကပ်စေ သင်ယူကြ။
မြင့်သောလူ တန်ဖိုးတက်အောင်
ဆောင်ရွက်ပါခင်ဗျ။
❂ အချိန်ကို မဖြုန်းတီးဘဲ
စည်းကမ်းလည်း လက်စွဲဆောင်။
ပန်းတိုင်မြေ ချီတက်လှမ်း
ကြိုးပမ်းခုနောင်။
❂ ရွေးချယ်ပြု အလင်းအမှောင်
တိုးတက်အောင် အားထုတ်ပေး။
လူဖြစ်ချိန် ဘဝမရှုံးအောင်
တည့်မတ်စို့လေး။ ။

ဖြိုးထက်(ရေစကြို)

## သစ်တောတန်ဖိုး

❖ သစ်ပင်ကို ချစ်မြတ်နိုး
နှစ်စဉ်တိုး စိုက်ကြပါ၊
ပတ်ဝန်းကျင် ဂေဟစနစ်ရဲ့
အရင်းမြစ်ပမာ၊
ထိန်းသိမ်းပေး မြေဆီလွှာ
ရတနာလို အဖိုးထိုက်။
သစ်တစ်ပင် လဲကျရင်ဖြင့်
နှစ်ဆပြန်စိုက်။
❖ ယခုခါ ရာသီလိုက်
ရိုက်ခတ်လာတဲ့ သဘာဝဒဏ်၊
နောက်ဆက်လာ ဆိုးကျိုးက
မိုးလေမမှန်၊
ဇီဝမျိုးကွဲ ပြန်တီးပြန်
အဖိုးတန် သက်ရှိများ။
❖ နှစ်စဉ်မှာ မျိုးတုံးကွယ်လို့
ဆုံးရှုံးနေသား။
❖ ရွှေတိုက်ခေါ် သစ်တောများ
ထိန်းသိမ်းထား အချိန်မီ၊
သစ်ပင်ကို အမှီပြု
ဥတုရာသီ၊
ရေဝေရေလဲ အရှည်တည်
အားလုံးကိုယ်စီ ထိန်းသိမ်းမှ။
❖ ကမ္ဘာမြေ အလှတိုး
ဖွံ့ဖြိုးမည်ပ ။ ။

အောင်သွေး(မြစ်သား)

ဆောင်းပါး

# ပျောက်ဆုံးနေသော ကလေးများ

## အောလဝေး(ထားဝယ်)

ခက်တယ်၊ တော်တော်ခက်တယ်၊ တော်တော်လေးလည်း ခက်ခဲတယ်။ အခုခေတ်လို ဖုန်စ်ဘွတ်တွေ၊ အင်တာနက်တွေ၊ ယူကျူ၊ တစ်တော့ သတင်းမီဒီယာတွေ ထတောက်နေတဲ့ ခေတ်ကာလမှာ ကျေးရွာဒေသလေးတစ်ခုကနေ စာရေးဆရာတစ်ယောက် ထွန်းပေါက်အောင်မြင်ဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ တကယ်တော့ အဲဒါက ဒေသနဲ့မဆိုင်ဘူး ကိုယ့်ရဲ့စိတ်ဆန္ဒကြောင့်ပဲလို့ ပြောကြပါလိမ့်မယ်။ မှန်ပါတယ်။ အသင့်အတင့်တော့ ကျွန်မလက်ခံပါတယ်။ ဒါပေမဲ့ လက်တွေ့ကျကျ ပြန်ဆန်းစစ်ကြည့်ပေးမယ်ဆိုရင်တော့ အခုခေတ်အနေအထားရဲ့ ဟာကွက်လေးတွေကို တွေ့မြင်နိုင်ပါလိမ့်မယ်။ ကျွန်မလက်လှမ်းမီသလောက် ဝေဖန်ထောက်ပြချင်ပါတယ်။ ၂၀၁၃ ခုနှစ်လောက်တုန်းကဆို ကျွန်မတို့မြို့ရဲ့ မြို့ပေါ်ငါးရပ်ကွက်မှာ ရွာရဲ့ကိုယ်ပိုင်စာကြည့်တိုက်လေးတွေ ကိုယ်စီရှိကြပါတယ်။ အဲဒီအချိန်တုန်းကဆို ဖုန်စ်ဘွတ်ဆိုတဲ့ စာမျက်နှာက လူမှုကွန်ရက်ပေါ်မှာ ဘောက်မထသေးခင်ကာလပေါ့။ ရွာရဲ့ကလေးတော်တော်များများ ကျောင်းပိတ်ရက် အချိန်ရတိုင်း စာကြည့်တိုက်မှာပဲ နေရာအလုအယက် သွားယူတတ်ကြတယ်။ စာကြည့်တိုက်ကို သူတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်လေးတွေနဲ့ရောက်လာကြပြီး ဒုတိယဥယျာဉ်တော်လို့လည်း သတ်မှတ်ထားကြတယ်။ အခုနေ ပြန်တွေးကြည့်ရင် အဲဒီအချိန်တုန်းက ကျွန်မကိုယ်တိုင်လည်း စာကြည့်တိုက်ရဲ့ ရှေ့ဆုံးခုံမှာပဲ နေရာရခဲ့သူပေါ့။

ဟိုတစ်လောက စာကြည့်တိုက်အဟောင်းလေးတွေဆီ ကျွန်မသွားလည်ဖြစ်သေးတယ်။ စာပေချစ်မြတ်နိုးသူတစ်ယောက်အတွက် စာကြည့်တိုက်ဆိုတာကလည်း ဒုတိယမြောက် အိမ်တော်ပဲလေ။ ဒါပေမဲ့ ကျွန်မတို့ရဲ့ ဒုတိယမြောက်အိမ်တော်ဟာ အရင်လို ကျွန်မကိုမဆီးကြိုတော့ပါဘူး။ "နှလုံးသားလှသူပျော်မွေ့ရာ"၊ "ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် "၊ "အမျိုးမှန် အဖိုးတန်" ဆိုင်းဘုတ်ပြားလေးတွေ ထောင့်စွန်းဗီရိုလေးမှာ နေရာအမြဲယူနေကြ စာရေးဆရာလင်းသိုက်ညွန့်၊ တတ်သစ်စကလေးတွေကို လမ်းညွှန်ပေးတတ်တဲ့ လယ်တွင်းသားစောချစ်၊ စာကြည့်တိုက်တွေထဲ ဝင်ဖတ်ချင်စိတ်ဖြစ်လာအောင် ဆွဲခေါ်နိုင်စွမ်းရှိတဲ့ တက္ကသိုလ်ဘုန်းနိုင် သူတို့ကို ကျွန်မလိုက်ရှာနေမိတယ်။ အရင်လိုဆိုင်းဘုတ်လေးတွေ၊ အရင်နေရာက စာအုပ်လေးတွေ၊ နံရံကပ်ဆောင်ပုဒ်လေးတွေ မရှိတော့ဘူး၊ မရှိကြတော့ဘူး။ ကျွန်မအထင်သူတို့အစားထိုးခံလိုက်ရပြီ။ "အဆင်းလှသူ ပျော်မွေ့ရာ"၊ "အဖြူရောင်နတ်သမီး"၊ ဘာတဲ့ "ဗျူးတီးစတားကိုလှမ်းခဲ့ပါ"။ ပြောင်းတတ်လိုက်ကြတာ၊ ပေးတတ်လိုက်ကြတာ အလှပြင်ဆိုင်နာမည်လေးတွေ။ စိတ်ဆိုတာထက် ရုပ်ကို သူတို့နေရာပေးနေကြတယ်၊ အနာဂတ်ထက် ပစ္စုပ္ပန်ကို အလေးထားလာကြတယ်၊ တန်ဖိုးဖြတ်မရတဲ့ နေရာလေးတွေကို ငွေသားနဲ့ လဲလှယ်လာကြတယ်။ ရက်စက်လိုက်ကြတာ၊ လုပ်ရက်လိုက်ကြတာ။ တရားခံလည်းမရှိသလို တရားလိုလည်း ရှိမနေဘူး ဒါပေမဲ့ နစ်နာသူတွေတော့ သူ့အလိုလို ထွက်ပေါ်နေခဲ့တယ်။

တစ်ခါတလေ စာအုပ်များဖတ်ချင်လို့ကတော့ အွန်လိုင်းက စာသေးသေးလေးတွေကို ပြူးနေအောင် မနည်းဖြဲကြည့်ယူရတယ်။ လက်လှမ်းမီသလောက် ပီဒီအက်(ဖ်)ဖိုင်လေးတွေ ဒေါင်းဖတ်ရတယ်။ စာအုပ်လေးတွေ ဝယ်စုတတ်တဲ့ သူငယ်ချင်းတွေဆီ သွားလည်ရတယ်။ လစဉ်ထုတ်မဂ္ဂဇင်းတွေ ဖတ်ချင်တယ်ဆိုရင်တော့ ထုတ်ဝေပြီး ငါးလလောက်ကြာမှ ကိုယ့်ဆီရောက်လာတာ။ တစ်ခါတလေ ကိုယ့်စာမူများ ပါလေမလားဆိုပြီး သုံးလလောက်နေမှ သော့ထရှာတတ်တဲ့ စာကြည့်တိုက်လေးတွေဆီ သွားသွားချောင်းကြည့်ရသေးတယ်။ လူတွေကလည်း တစ်မျိုးစီပါပဲ။ တချို့များဆိုရင် အမှိုက်ပုံးထဲ ထည့်ထားတဲ့ သူတို့ဂျာနယ်အဟောင်းလေးတွေကို သွားယူဖတ်တော့မှ မူရင်းဈေးနဲ့ရမှ ရောင်းတော့မယ်ဆိုပဲ၊ ဖတ်ပီးပြန်ပေးမယ်ဆိုတော့လည်း လက်မခံကြဘူး၊ တစ်ခါတလေ စာဖတ်ခွင့်လေးရချင်လို့ ငွေတစ်ပြားမှ ပေးစရာမလိုဘဲ စာကြည့်တိုက်မှာ ထိုင်စောင့်၊ စာကြည့်တိုက်မှူး လုပ်ပေးမယ်ဆိုတာတောင် အမျိုးမျိုးတိုက်ခိုက်ဝေဖန်လာကြသေးတာ။ "ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားထိန်းတယ်တဲ့"လူတွေများ ဆေးရောင်တွေခြယ်တတ်လိုက်ကြတာ သူတို့က ဖုန်းကလေး ပွတ်ဆွဲအထက်အောက်ရွှေ့နေနိုင်မှ လူပီသတယ်လို့ ထင်ကြတာကိုး၊ အဲလိုမဟုတ်ဘဲ စာဖတ်ဖို့ပဲ အသည်းအသန်ရှာနေသူကတော့ လူရိုး၊ လူအ စာရင်းဝင်ပေါ့။ ဒိတ်ကုန်တယ်၊ တစ်ခါတလေ ခေတ်ရေစီးကြောင်းကို နောက်ပြန်ဆွဲတဲ့လူလို့တောင် အပြောခံရသေးတယ်။

စာကြည့်တိုက်မရှိတော့လို့ စာအုပ်ဆိုင်တော့ ရှိမှာပဲလို့ မထင်လိုက်ပါနဲ့ ရွာမှာဘာစာအုပ်ဆိုင်မှ မရှိပါဘူး။ တစ်ခါတလေ မြို့ပေါ်ရောက်လို့ လမ်းဘေးမှာချထားတဲ့ စာအုပ်လေးများတွေ့ရင် အတော်ကရုဏာဖြစ်မိတယ်။ အဲဒါက သူတို့နေရာမှ မဟုတ်တာ။ အမှန်ဆို မှန်ဗီရိုလေးထဲမှာ တင့်တင့်တယ်တယ် ရှိနေသင့်တယ်လေ။ အခုတော့လည်း နောက်ဆုံးပေါ် ဒေါက်ဖိနပ်တွေက နေရာယူသွားပြီကိုး။ တစ်ခါတလေ တက်သစ်စကလေးတွေကို အလွန်အားနာမိတယ်။ စာကြည့်တိုက်ဆိုတာ ကျောင်းစာကြည့်တိုက်က လွဲရင် သူတို့မသိဘူး။ မဂ္ဂဇင်း၊ ဗဟုသုတဆောင်းပါးဆိုတာလည်း သူတို့နဲ့ မရင်းနှီးကြပြန်ဘူး။ အခုခေတ်ရဲ့ အနေအထားအရ လိုက်လွှင့်မယ်၊ ပို့စ်တင်မယ်၊ စိတ်ကူးယဉ်ဆန်ဆန်ရိုမက်တစ် ပိုင်းတွဲတွေဒေါင်းကြမယ်၊ ခေတ်ရေစီးကြောင်းနဲ့အညီ နောက်ဆုံးပေါ် ဂိမ်းတွေမှာပဲ အက်တစ်ဖြစ်လာကြတယ်။ အခုနေ ကလေးတစ်ယောက်ကို မုန့်ဖိုးပေးရင်တောင် ဂိမ်းဆိုင်ကိုပဲ တန်းနေအောင်ပြေးတော့တာ၊ တချို့လူကြီးတွေ ပြောနေကြတာ ကြားမိပါသေးတယ်။ အခုခေတ်လူငယ်တွေ ဂိမ်းဆော့နေမယ့်အစား စာဖတ်ကြပါလားတဲ့။ ဘယ်မလဲ စာကြည့်တိုက်၊ ဘယ်မလဲ စာအုပ်ဆိုင်။ ပြောတဲ့သူတွေကိုယ်တိုင်က စာဖတ်ကြလို့လား၊ စာအုပ်ရောဝယ်ဖူးကြလို့လား။ တစ်ခါတလေ သူတို့လည်း စာဖတ်ချင်မှာပေါ့၊ ဒါပေမဲ့ သူတို့လေးတွေမှာ ရွေးချယ်စရာမှ မရှိခဲ့တာ။ ဒီလိုသာ ရှေ့ဆက်သွားရင်တော့ နောင်ငါးနှစ်လောက်ဖြစ်ရင် စာရေးဆရာဆိုတာ ပြတိုက်မှာ သွားတိုးကြည့်ရလိမ့်မယ်ထင်ပါတယ်။ အဲဒါကြောင့် ဒီနေ့ကစပြီး သင်ကအစ ပြောင်းလဲလိုက်ပါ။ စာအုပ်လေးတွေကိုချစ်ပါ၊ ဝယ်ပါ။ တစ်လတစ်ခါဝယ်ရမယ့် ပစ္စည်းစာရင်းထဲမှာ စာအုပ်တန်ဖိုးလေးတွေ ထည့်တွက်ကြည့်ပါ။ သင့်ပတ်ဝန်းကျင်က ကလေးတွေဟာ နောင်အနာဂတ်မှာ ထွန်းတောက်လမ်းဖောက်နိုင်တဲ့ ကလေးတွေ ဖြစ်လာဖို့ စာဖတ်ကြပါဆိုတဲ့ စကားကို မသုံးဘဲ သူတို့လေးတွေရဲ့ရှေ့မှာ စာဖတ်ပြပါ။ ဝယ်ပါ၊ ဖတ်ပါ၊ ငှားရမ်းပါလို့ပြောရင်းနဲ့ နောင်အနာဂတ်မှာ ကျွန်တော်နဲ့အတူတူ ပျောက်ဆုံးနေတဲ့ ကလေးတွေကို ရှာဖွေကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

## နှစ်သစ်ချိန်ခါ မင်္ဂလာ

○ နှစ်သစ်ကူးတဲ့အချိန်ဆို
မင်္ဂလာနဲ့ ကြို။
○ ဝေနေယျကို မေတ္တာလောင်း
အေးချမ်းပါစေကြောင်း။
○ နှစ်ဟောင်းထဲက အပြစ်တွေ
ထားရစ်ခဲ့တော့လေ။
○ သင်္ကြန်ရေနဲ့ ပက်ကာဖျန်း
ကိုယ်စိတ်ရွှင်ကြည်လန်း။
○ ဒါနပန်းများ အလှဆင်
ဘုရားကျောင်းကိုဝင်။
○ သဒ္ဓါဖြူစင် စိတ်ထားလှ
သီလခံယူကွ။
○ တရားဓမ္မ နာယူကာ
မှတ်သားဘာဝနာ။
○ နေ့စဉ်တိုင်းမှာ မေတ္တာဖြင့်
ကုသိုလ် တံခါးဖွင့်
မင်္ဂလာတွေ ထပ်ခါဆင့်။ ။

မိုးခနဲ့ကျော်(မြစ်သား)

## ပညာရဲရင့် ပွဲလယ်တင့်

✳ ပညာရှာ နေထိုင်အသိ
လေ့လာအမိ ကျွမ်းကျင်အောင်။
နှံ့စပ်ရင် ဆုံးဖြတ်ချက်
သွက်လက်ဂုဏ်ဆောင်။
✳ ပညာရဲ့ အလင်းရောင်
ဘဝမှောင် အားဖြည့်ပေး။
ငယ်ရွယ်စဉ် တတ်သိရဖို့
သင်ကြပါလေး။
✳ ပညာတွေ တတ်မြောက်မှ
ရဲရင့်ကြ ပွဲတင့်ဖွယ်။
မိမိကိုယ် စွမ်းရည်မြင့်ကြ
ဂုဏ်တင့်ဖို့ကွယ်။
✳ လေ့ကျင့်မှ ကျွမ်းကျင်မယ်
ယုံကြည်မှုရယ် ပိုလာသေး။
အောင်မြင်မှုတွေ ရယူသွားဖို့
ကြိုးစားကြလေး။
✳ ဝါသနာ ရည်မှန်းချက်
ခရီးဆက်လို့ ဇွဲခိုင်ခိုင်။
ဖြစ်ချင်ရာ ဖြစ်အောင်လုပ်
မဆုတ်မယိုင်။
✳ ပညာတတ်မှ ပြည့်အောင်နိုင်
ရယူပိုင် ဂုဏ်ဝင့်ကြွား။
ပညာဟာ အရေးကြီးသမို့
ဖြည့်ပြီးနေသွား။ ။

မြင့်မိုရ်လင်း(ချောင်းဆုံ)

# တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အတက်နေ့ကို ပျော်ရွှင်စွာဆက်လက်ဆင်နွှဲ



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်၌ ရေသဘင်ပွဲတော် ပျော်ရွှင်စွာဆင်နွှဲနေကြစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်၌ ရေသဘင်ပွဲတော် ပျော်ရွှင်စွာဆင်နွှဲနေကြစဉ်။

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အတက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတ အဖွဲ့များ၊ အတာရေသဘင်ပွဲဆင်နွှဲသူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲလျက်ရှိသည်။

မဟာသင်္ကြန်အတက်နေ့တွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်များ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အတွင်းရှိ မိသားစုရေကစားမဏ္ဍပ်များ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်နယ် အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်များ၊ တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိမြို့နယ်များနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ရှိရေကစားမဏ္ဍပ်နှင့် နယ်မြေခံတပ်နယ် အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့ရှိ ရှုခင်းသာဗဟိုမဏ္ဍပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရေစကားမဏ္ဍပ် များ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ် နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ရေကစားမဏ္ဍပ် များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ် များ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ရေကစား မဏ္ဍပ်များ၌ အတာရေသဘင်ပွဲဆင်နွှဲကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူး များနှင့် အဖွဲ့ဝင်များက သွားရောက်၍ အတာသင်္ကြန် ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကြ သည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ဟိုက်ပါကျေးရွာရှိ ဟိုက်ပါရေတံခွန်၊ တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့ရှိ ပုလုံးတုံးတုံးကမ်းခြေ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာ ကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ရခိုင်ပြည်နယ် သံတွဲ မြို့နယ် ငပလီကမ်းခြေနှင့် ပဲခူးတိုင်းဒေသကြီး ဖြူး မြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံရေလွှဲတို့၌လည်း လာရောက်အပန်းဖြေအနားယူနေသော ပြည်သူများ ဖြင့် စည်ကားလျက်ရှိကာ စားသောက်ဆိုင်များ၊ ဒေသ ထွက်ကုန်ရောင်းချနေသော ဈေးဆိုင်များ ဖွင့်လှစ် ထားရှိ၍ မဏ္ဍပ်များအသီးသီး၌ ရေသဘင်ပွဲ ဆင်နွှဲ ကြသူများအား စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



အိန္ဒိယကောင်စစ်ဝန် Mr. Neeraj Kumar Consul General Consulate General of India, Mandalay နှင့် အဖွဲ့ဝင်များ နန်းမြို့သူရေကစားမဏ္ဍပ်သို့ လာရောက်လည်ပတ်စဉ်။



တရုတ်ကောင်စစ်ဝန်နှင့် မိသားစုဝင်များ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်သို့ လာရောက် လည်ပတ်စဉ်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နန်းမြို့သူရေကစားမဏ္ဍပ်သို့ အိန္ဒိယကောင်စစ်ဝန်နှင့် မိသားစုများ၊ တရုတ်ကောင်စစ်ဝန်နှင့် မိသားစုများ လာရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၁၆**

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အတက်နေ့ ဖြစ်သည့် ယနေ့တွင် အိန္ဒိယကောင်စစ်ဝန် Mr. Neeraj Kumar Consul General Consulate General of India, Mandalay နှင့် အဖွဲ့ဝင်များသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နန်းမြို့သူ ရေကစား မဏ္ဍပ်နှင့် အခြားရေကစားမဏ္ဍပ်များသို့ သွားရောက် လည်ပတ်၍ ရေကစားမှုများကို ကြည့်ရှုအားပေး ကြပြီး အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ ကြသည်။

ဦးစွာ အိန္ဒိယကောင်စစ်ဝန်နှင့် အဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြပြီး ယိမ်းအဖွဲ့များ၏ သင်္ကြန်ယိမ်းအက အလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှု အားပေးကြသည်။ ထို့နောက် ကောင်စစ်ဝန်နှင့် အဖွဲ့ဝင်များသည် မဏ္ဍပ်၌ အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး တိုင်းစစ်ဌာနချုပ် အတွင်းရှိ သင်္ကြန်မဏ္ဍပ်များသို့လည်း လှည့်လည် ကြည့်ရှုအားပေးကြသည်။

အလားတူ ယနေ့ညနေပိုင်းတွင်လည်း တရုတ် ကောင်စစ်ဝန်နှင့် မိသားစုဝင်များက အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်သို့ လာရောက် လည်ပတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စဉ့်ကိုင်မြို့နယ်၌ မဟာသင်္ကြန်ကာလအတွင်း အေးချမ်းစွာ ဥပုသ်သီလခံယူဆောက်တည် ကုသိုလ်ယူသူများပြား

**စဉ့်ကိုင် ဧပြီ ၁၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ နှစ်သစ်ကူးကာလအတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် သင်္ကြန်အကြိုနေ့မှစ၍ ဘုရား၊ ကျောင်းကန်များနှင့် တရားစခန်းများသို့ သွားရောက်ပြီး အေးချမ်းစွာ ဥပုသ်သီလဆောက်တည်ကုသိုလ်ဒါန ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါနှစ်သစ်ကူး မဟာသင်္ကြန်ကာလအတွင်း သက်ကြီးရွယ်အို အဘိုး အဘွားများ၊ ဒေသခံပြည်သူများက မြို့ပေါ်နှင့် ကျေးရွာ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး သင်္ကြန်ကာလအခါသမယ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားထိုင်ခြင်း၊ ဘာဝနာတရားပွားများခြင်းများကို စိတ်အေးချမ်းသာစွာ ကောင်းမှုကုသိုလ်ပွားများအားထုတ်လျက်ရှိပြီး ကုသိုလ်ဒါနအဖြစ် ဥပုသ်သီလဆောက်တည်သူများအား စတုဒိသာကုသိုလ်အလှူရှင်များက ကုသိုလ်ပြုဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ရေးမြို့နယ်၌ ဥပုသ်သီလဆောက်တည်သူများ များပြား

**ရေး ဧပြီ ၁၆**

ရေးမြို့နယ်ရှိဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလခံယူဆောက်တည်သူများနှင့် တရားစခန်းများ၌ တရားဘာဝနာပွားများသူများ များပြားလျက်ရှိကြောင်း သိရသည်။

နှစ်သစ်ကူးမဟာသင်္ကြန် အချိန်ကာလတွင် မြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းများနှင့် တရားစခန်းများ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းများနှင့် စတုဒိသာမဏ္ဍပ်များတွင်လည်း ကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ရေး(ပြန်/ဆက်)**

## မာန်အောင်မြို့နယ်၌ တရားဘာဝနာ အားထုတ်သူများဖြင့် အထူးစည်ကားလျက်ရှိ

**မာန်အောင် ဧပြီ ၁၆**

ရခိုင်ပြည်နယ် မာန်အောင်မြို့၌ ယနေ့တွင်မြို့ပေါ်ရပ်ကွက်ဘုန်းတော်ကြီးကျောင်းများနှင့် ကျေးရွာဘုန်းတော်ကြီးကျောင်းများတွင် ပြည်သူများက ဥပုသ်သီလခံယူဆောက်တည်ခြင်း၊ ကောင်းမှုကုသိုလ်ဒါနပြုလုပ်ခြင်းနှင့် တရားဘာဝနာအားထုတ်ခြင်းများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**အထူးစည်ကားလျက်ရှိ**

အဆိုပါ နှစ်သစ်ကူးမဟာသင်္ကြန်အတက်နေ့တွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများဖြစ်သည့် မြို့မဘုန်းတော်ကြီးကျောင်း၊ မဟာဓမ္မိကာရုံကျောင်း၊ ကွမ်းသီးကျောင်းနှင့် ကျေးရွာများရှိ



ဘုန်းတော်ကြီးကျောင်းများတွင် ပြည်သူများက ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာအားထုတ်ခြင်း၊ အလှူဒါနကုသိုလ်ပြုလုပ်ခြင်းများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်၌ နှစ်ဦးကုသိုလ် ကောင်းမှုပြုကြသူများ၊ ရေကစားကြသူများဖြင့် အေးချမ်းပျော်ရွှင်စွာဆင်နွှဲ

**လယ်ဝေး ဧပြီ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်တွင် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်အတက်နေ့၌ ကောင်းမှုပြုသူများနှင့် အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင်လည်း မြန်မာ့ရိုးရာနှစ်ဦးကာလတွင် ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ငါးလွှတ်ခြင်း၊ သက်ကြီးပူဇော်ပွဲများကျင်းပခြင်း ရေကစားသူများဖြင့် အေးချမ်းပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## တာမွေမြို့နယ်၌ ရေကစားကြသူများ၊ စတုဒိသာအလှူများဖြင့် စည်ကားလျက်ရှိ

**တာမွေ ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် ယနေ့နံနက်ပိုင်းမှစတင်ကာ မြို့နယ်အတာရေသဘင် ရေကစားမဏ္ဍပ်များတွင် ရေပက်ခံကားများ၊ အတာရေ ဆော့ကစားသူများ၊ စတုဒိသာအလှူများဖြင့် ယခင်နေ့များထက် စည်ကားလျက်ရှိကြောင်း သိရသည်။

“ ဒီနှစ်သင်္ကြန်မှာ အလုပ်ကအစ်ကိုတွေနဲ့ နေ့တိုင်းလိုလို လျှောက်လည်ဖြစ်ပါတယ်။ မနက်က ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်နဲ့ လမ်းလျှောက်သင်္ကြန်မှာ ရေကစားခဲ့ပြီး အခုတာမွေဘက်ကို လျှောက်လည်ဖြစ်တာပါ။ ပြီးရင် အင်းလျားကန်ဘောင်ဘက် လျှောက်လည်ဦးမှာပါ။ ပျော်ဖို့ကောင်းပါတယ်” ဟု အလုံမြို့နယ်နေ ပြည်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကြိုနေ့မှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် အတာရေသဘင်ရေကစားမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များ၊ စတုဒိသာအလှူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ **နိုင်လင်းအောင်(တာမွေ)**

## ပန်းတနော်မြို့နယ်၌ အတက်နေ့တွင် ရေကစားသူများဖြင့် စည်ကားလျက်ရှိ

**ပန်းတနော် ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မဟာသင်္ကြန်ပွဲတော်အတက်နေ့၌ ဗဟိုရေကစားမဏ္ဍပ်နှင့် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပန်းတနော်မြို့ ဗဟိုရေကစားမဏ္ဍပ်နှင့် ရပ်ကွက်များအတွင်းရှိ လမ်းမများတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ရေကစားလျက်ရှိပြီး နှစ်သစ်ကူး မြန်မာ့ရိုးရာမဟာသင်္ကြန်အချိန်ကာလတွင် ဥပုသ်သီတင်းသီလစောင့်တည်ကြသူများ၊ တရားဘာဝနာပွားများကြသူများနှင့် စည်ကားလျက်ရှိသည်။ ထို့အတူ ကျေးရွာများတွင်လည်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ရေကစားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာရှ ၂၀၅၀

အာရှသည် နိုးထလာပြီဖြစ်၏။ ရုန်းကြွလာပြီဖြစ်၏။ ကြွယ်ဝချမ်းသာသော အနာဂတ်တစ်ခုဆီသို့ အရှိန်အဟုန်ပြင်းပြင်း ချီတက်နေပြီဖြစ်၏။ အာရှ၏ အနာဂတ်ကို မည်သူမျှ၊ မည်သို့မျှ၊ မည်သည့်နည်းနှင့်မျှ တားဆီး၍ မရနိုင်တော့။ ၂၀၅၀ သည် လွန်ခဲ့သော ရာစုနှစ် သုံးခု နှစ်ပေါင်း သုံးရာခန့်က ဖြစ်တည်ခဲ့သည့် ဂုဏ်ဒြပ်မျိုးဖြင့် လျှမ်းလျှမ်းတောက်ကြွယ်ဝမည့်အာရှ၏ ပန်းတိုင်နှစ် ဖြစ်တော့သည်။

၂၀၅၀ ပြည့်နှစ်သို့ရောက်လျှင် အာရှ၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၁၇ ထရီလီယံ (၂၀၁၀ ပြည့်နှစ်) မှသည် ၁၇၄ ထရီလီယံသို့ ရောက်ရှိလိမ့်မည် ဖြစ်သည်။ ထိုကိန်းဂဏန်းသည် ကမ္ဘာ့ဂျီဒီပီ၏ ၅၀ ရာခိုင်နှုန်းဖြစ်ပြီး အာရှတိုက်၏ လူဦးရေသည်လည်း ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းဖြစ်၏။ အာရှတိုက်၏ ထိပ်တန်းအဆင့်စီးပွားရေးကောင်းမွန်သော နိုင်ငံခုနစ်နိုင်ငံက "အာရှ ၂၀၅၀" မျှော်မှန်းချက်ကို ဦးဆောင် အကောင်အထည်ဖော်လိမ့်မည်ဖြစ်သည်။ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ ဖြစ်၏။) ထိုနိုင်ငံအားလုံးတွင် စီးပွားရေးသည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်၏။

ထိုခုနစ်နိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ (၂၀၁၀ ပြည့်နှစ်တွင်) ၃ ဒသမ ၁ ဘီလီယံဖြစ်ပြီး အာရှတိုက်တစ်ခုလုံးရှိ လူဦးရေ စုစုပေါင်း၏ ၇၈ ရာခိုင်နှုန်းမျှ ရှိလေသည်။ ၂၀၅၀ မျှော်မှန်းချက်အရဆိုလျှင် အာရှကြွယ်ဝချမ်းသာခြင်းကို ဦးဆောင်အကောင်အထည်ဖော်ကြမည့် ၎င်းခုနစ်နိုင်ငံ၏ လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင်အာရှတိုက်လူဦးရေစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းသို့ ရောက်ရှိမည်ဖြစ်ပြီး ၎င်းတို့၏ ဂျီဒီပီစုစုပေါင်းကား အာရှဂျီဒီပီ၏ ၉၀ ရာခိုင်နှုန်းသို့ ရောက်ရှိမည်ဖြစ်လေ၏။ (ကမ္ဘာ့ဂျီဒီပီ၏ ၄၅ ရာခိုင်နှုန်းမျှ လတ်တလောတွင် ရှိနေလေ၏။) ထို ခုနစ်နိုင်ငံ၏ (ပျမ်းမျှ) လူတစ်ဦးချင်းဝင်ငွေမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၄၅၈၀၀ ခန့် ရှိလာမည်ဖြစ်ပြီး တစ်ကမ္ဘာလုံး လူဦးရေ၏ ပျမ်းမျှတစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၃၇၃၀၀ နှင့် နှိုင်းယှဉ်ကြည့်လျှင် တိုးတက်လာမည့်နှုန်းထားကို ခန့်မှန်းသိရှိနိုင်သည်။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း အဆိုပါ ခုနစ်နိုင်ငံ၏ ဂျီဒီပီသည် ကမ္ဘာ့ဂျီဒီပီ၏ ၅၃ ရာခိုင်နှုန်းသို့ ရောက်ရှိလာမည်ဖြစ်ပြီး ၎င်းတို့သည် အာရှသာမကဘဲ ကမ္ဘာ့စီးပွားရေးတစ်ခုလုံး၏ အဓိက မောင်းနှင်အားကြီးဖြစ်လာတော့မည် ဖြစ်သည်။

### ကျွဲကူးရေပါ လိုက်ပါတိုးတက်ဖွံ့ဖြိုးလာနိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တစ်ကမ္ဘာလုံးကို ဦးတည်ရည်မှန်းသော စီးပွားရေးမဟာဗျူဟာဖြစ်သည့် B&R အစီအစဉ်ကြီးကြောင့် နဂိုက တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်နေသော တရုတ်နိုင်ငံ၏ စီးပွားရေးကို ဆပွားတိုးတက်စေရုံမျှမကဘဲ ထိုစီးပွားရေး မဟာဗျူဟာအစီအစဉ်နှင့် ချိတ်ဆက်လုပ်ကိုင်မည့် နိုင်ငံများနှင့် ကမ္ဘာအနှံ့ဒေသများသည်လည်း ကျွဲကူးရေပါ လိုက်ပါတိုးတက်ဖွံ့ဖြိုးလာနိုင်ဖို့ ရှိနေသည့် အခြေအနေသည်လည်းကောင်း၊ ကမ္ဘာ့စီးပွားရေး၏ နောက်တိုးပါဝါများအဖြစ် ပေါ်ထွန်းလာရန် သေချာသလောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ စီးပွားရေးအင်အားများက နဂိုအရှိကောင်းနေသော အာရှစီးပွားရေးကို တွန်းတင်လိမ့်ဦးမည်ဖြစ်သော အခြေအနေသည်လည်းကောင်း အာရှ ၂၀၅၀ မျှော်မှန်းချက်ကို ကောင်းစွာအားဖြည့်ပေးခြင်းကြောင့် အာရှ၏ တောက်ပသော အနာဂတ်သည် ပိုမိုခိုင်မာမှုရှိလာရခြင်းလည်း ဖြစ်လေ၏။ ရှိရင်းစွဲပါဝါများဖြစ်သော တစ်ချိန်က ကမ္ဘာ့ဒုတိယစီးပွားရေး အင်အားကြီးဖြစ်ခဲ့ဖူးသည့် ဂျပန်နိုင်ငံနှင့် အာရှကျားနိုင်ငံများ၏ နဂိုရှိရင်းစွဲဖွံ့ဖြိုးတိုးတက်နေမှုက အရှိန်အဟုန်မပျက်ရှိနေခြင်းသည်လည်း အာရှ ၂၀၅၀ ကို ကောင်းစွာပံ့ပိုးလျက်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

သို့ပေသောကြောင့် အာရှ ၂၀၅၀ ဟူသည့် အာရှတိုက်၏ အံ့မခန်းကြွယ်ဝချမ်းသာရေးခရီးကို အတိမ်းအစောင်း အချွတ်အချော်မရှိ အရောက်လှမ်းနိုင်ရေးဆိုလျှင် အာရှတိုက်၏ ခေါင်းဆောင်များအနေဖြင့် အထူးသတိပြုသင့်သည့် ကိစ္စရပ်လေးခု ရှိလေ၏။ ပထမတစ်ခုမှာ ၂၀၅၀ ပြည့်နှစ်အထိ နှစ်ရှည်ခရီးတွင် မလွဲမသွေကြုံတွေ့လာနိုင်သည့် အတက်အကျ၊ အနိမ့်အမြင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံနိုင်ပြီး ရေရှည်မျှော်မှန်းချက်အပေါ် အပြည့်အဝအာရုံစိုက်ထားနိုင်ရေးဖြစ်သည်။ ပြောင်းလဲနေမည်ဖြစ်သော အခြေအနေများနှင့် လိုက်လျောညီထွေဆောင်ရွက်နိုင်ရေးနှင့် ပြောင်းလဲနေမည့် အခွင့်အလမ်းများနှင့် လိုက်လျောညီထွေရှိသော မူဝါဒများချမှတ်လျက် အလိုက်သင့်အလျားသင့် ဆောင်ရွက်နိုင်ရေး ဖြစ်သည်။

ဒုတိယတစ်ခုမှာ အခြားတစ်ဖက်တွင်လည်း အာရှ ၂၀၅၀ မျှော်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ပြီး အာရှရာစု (Asian Century) အဖြစ် ၂၁ ရာစုကို လက်တွေ့သမိုင်းမှတ်တမ်းတင်နိုင်ရန်အတွက်ဆိုလျှင် ဒေသတွင်းရှိ ခေါင်းဆောင်များ၊ အကျိုးဆိုင်သူများအနေဖြင့် များစွာသော စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကျော်လွှားနိုင်ကြရန် လိုအပ်သည်။ နိုင်ငံတစ်နိုင်ငံချင်းစီအတွက် လိုအပ်သော လုပ်ကိုင်ဆောင်ရွက်မှုများ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များစသည်တို့ကို ဟန်ချက်ညီအောင် အကောင်အထည်ဖော်လုပ်ကိုင်နိုင်ကြရန်လည်း မဖြစ်မနေလိုအပ်သည်ဟု ပညာရှင်များက ထောက်ပြထားသည်လည်း ရှိလေ၏။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ အာရှနိုင်ငံများအားလုံးတွင် မူဝါဒဆိုင်ရာ အားနည်းချက်များ၊ အင်စတီကျူးရှင်းများ၏ အရည်အသွေးပြည့်မီရေး လိုအပ်ချက်များ၊ အုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရသည်ဖြစ်၏။ သို့ဖြစ်သောကြောင့် တစ်နိုင်ငံချင်း၏ သီးခြားပြဿနာများ၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လိုအပ်ချက်များ၊ နိုင်ငံတစ်ခုချင်းအကျိုးစီးပွား၊ ဒေသတွင်းအကျိုးစီးပွားနှင့် ကမ္ဘာလုံးဆိုင်ရာ အကျိုးစီးပွားတို့၏ဟန်ချက်ကို ထိန်းသိမ်းဆောင်ရွက်ရန် လုပ်ငန်းတာဝန်များ စသည်ဖြင့် ရှိနေလေ၏။

အာရှနိုင်ငံ တစ်ခုချင်းစီအနေဖြင့် အာရှကြွယ်ဝချမ်းသာရေးအတွက် အလေးထားဆောင်ရွက်ရန် အရေးကြီးသော လုပ်ငန်းဆောင်တာများစွာရှိနေလေသည်။

> **၂၀၅၀ ပြည့်နှစ်သို့ရောက်လျှင် အာရှ၏ ဂျီဒီပီသည် အမေရိကန် ဒေါ်လာ ၁၇ ထရီလီယံ (၂၀၁၀ ပြည့်နှစ်) မှသည် ၁၇၄ ထရီလီယံသို့ ရောက်ရှိလိမ့်မည် ဖြစ်သည်။ ထိုကိန်းဂဏန်းသည် ကမ္ဘာ့ဂျီဒီပီ၏ ၅၀ ရာခိုင်နှုန်းဖြစ်ပြီး အာရှတိုက်၏ လူဦးရေသည်လည်း ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းဖြစ်၏။ အာရှတိုက်၏ ထိပ်တန်းအဆင့် စီးပွားရေးကောင်းမွန်သော နိုင်ငံခုနစ်နိုင်ငံက "အာရှ ၂၀၅၀" မျှော်မှန်းချက်ကို ဦးဆောင်အကောင်အထည်ဖော်လိမ့်မည်။ ထိုနိုင်ငံအားလုံးတွင် စီးပွားရေးသည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်**

### အားလုံးပါဝင်သည့် အကျိုးစီးပွားကို ရည်မှန်းဖော်ဆောင်

ဆင်းရဲချမ်းသာကွာဟမှုကို လျှော့ချဖယ်ရှားရန် အားလုံးခံစားခွင့်ရှိသော ကြွယ်ဝချမ်းသာရေးကို ဖန်တီးနိုင်ရန်လိုအပ်လေ၏။ ဆင်းရဲနှင့်ချမ်းသာ၊ ကျေးလက်နှင့် မြို့ပြ၊ ပညာတတ်နှင့် စာမတတ်သူ အားလုံးကို အရေးထားရန် ဖြစ်သည်။ ကျား၊ မနှင့် လူမျိုး အသားအရောင်ကွဲပြားမှုကြောင့်လည်း ရရှိထိုက်သည့်အခွင့်အရေးများကို ဆုံးရှုံးမှုမရှိကြစေရေး ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ ထိုလုပ်ငန်းတာဝန်သည် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးတစ်ခုတည်းကိုသာ အာရုံမစိုက်ဘဲ တန်းတူညီမျှရေး၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် အင်အားနည်းသူများကို အကာအကွယ်ပေးရေး စသည့်ကိစ္စရပ်များကိုပါ ဆောင်ရွက်နိုင်မှသာ ပြီးမြောက် အောင်မြင်နိုင်လိမ့်မည်ဖြစ်သည်။ ရေရှည်တည်တံ့မှု၊ တည်ငြိမ်အေးချမ်းမှုကို အာမခံချက်ပေးနိုင်ရန် အားလုံးပါဝင်သည့် အကျိုးစီးပွားကို ရည်မှန်းဖော်ဆောင်မှသာ ဖြစ်နိုင်ပေလိမ့်မည်။

နောက်ထပ်နှစ်ပေါင်း လေး၊ ငါးဆယ် အရှိန်အဟုန်မပျက် တိုးတက်ဖွံ့ဖြိုးနိုင်စေရေးအတွက်ဆိုလျှင် အာရှဒေသနိုင်ငံများအနေဖြင့် ခေတ်မီနည်းပညာများနှင့် စွန့်ဦးတီထွင်မှုကို အလေးပေးရန် လိုအပ်လေ၏။ ဂျပန်၊ တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့မှ နည်းပညာနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ကမ္ဘာတစ်လွှားရှိခေတ်ရေ့ပြေးအခြေအနေများကို အာရှနိုင်ငံများက လေ့လာပြီး ပုံတူကူးယူနိုင်မည့် အခြေအနေများကို ဖန်တီးပေးရန်လိုအပ်ပေ၏။ အလျင်အမြန်တိုးတက်နေသော စီးပွားရေး ထိပ်တန်းအဆင့်နိုင်ငံများ အထူးသဖြင့် အိန္ဒိယနှင့် တရုတ်တို့အနေဖြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးဆောင်ကြိုးစားသင့်ပြီး တီထွင်ဖန်တီးမှုကို အထူးအားပေးနိုင်သည့် အဆင့်မြင့် ပညာရေးစနစ်ကို နိုင်ငံအသီးသီးက တည်ထောင်နိုင်ရန် ကြိုးစားသင့်ပေသည်။

## ပိုက်တင်

၂၀၅၀ ပြည့်နှစ်တွင် အာရှ၏ မြို့ပြလူဦးရေမှာ လက်ရှိလူဦးရေ၏ နှစ်ဆခန့်ဖြစ်မည့် ၁ ဒသမ ၆ ဘီလီယံသို့ ရောက်ရှိတော့မည်ဖြစ်သကဲ့သို့ အာရှသည် အကြီးအကျယ်ပြောင်းလဲလာလိမ့်မည် ဖြစ်သည်။ လက်ရှိအာရှ ကုန်ထုတ်လုပ်မှု(စီးပွားရေး)၏ ၈၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်လုပ်ကိုင်ပေးနေသည့် အာရှမြို့ပြများမှာ ပညာရေး၊ တီထွင်ဖန်တီးမှု၊ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့၏ ဗဟိုဌာနများ ဖြစ်လာတော့မည်ဖြစ်သည်။ သို့ပေသောကြောင့် အာရှမြို့ပြများ၏ စွမ်းဆောင်ရည် အရည်အသွေးမှာ ရေရှည်တွင် စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်း၊ လူမှုရေး၊ နိုင်ငံရေးတည်ငြိမ်မှု စသည့်ကိစ္စရပ်များအတွက် အဆုံးအဖြတ်ဖြစ်လာတော့မည်လည်း ဖြစ်သည်။ အာရှသည် ၂၀၅၀ ရည်မှန်းချက် ပိုမိုအောင်မြင်ပီပြင်စေရေးအတွက်ဆိုလျှင် ပိုမိုကောင်းမွန်သပ်ရပ်သော၊ စွမ်းအင်လုံလောက်မှုရှိသော၊ လုံခြုံတည်ငြိမ်မှုရှိသော မြို့ပြများအဖြစ် အဆင့်မြှင့်တင်နိုင်ရေး လက်ဦးမှုရယူဆောင်ရွက်ရန် လိုအပ်သည်လည်း ဖြစ်ပေသည်။

### ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး

ကမ္ဘာ့ဂျီဒီပီစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းအထိ ရှိလာတော့မည့် အာရှနိုင်ငံများအနေဖြင့် နောက်ထပ်ပြုပြင်ပြောင်းလဲရန် လိုအပ်သည့် ကဏ္ဍမှာ ဘဏ္ဍာရေး ဖြစ်၏။ ဂျီဒီပီ တိုးတက်လာသကဲ့သို့ ဘဏ်များ၊ ဘဏ္ဍာရေးဆိုင်ရာ ပိုင်ဆိုင်မှုများ၊ စတော့ရှယ်ယာများ စသည့် စီးပွားရေးဆိုင်ရာ ပိုင်ဆိုင်မှုများကို ပိုမိုပိုင်ဆိုင်နိုင်ရန်လည်း လိုအပ်ပေသည်။ ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် အာရှခေါင်းဆောင်များအနေဖြင့် အာရှ ၁၉၉၇ အာရှဘဏ္ဍာရေး အကျပ်အတည်းနှင့် ၂၀၀၇-၂၀၀၉ စီးပွားရေး ဆုတ်ကပ်တို့ကို သုံးသပ်လျက် သင်ခန်းစာယူပြီး အမှားများကို ရှောင်ရှားနိုင်ရမည်ဖြစ်၏။

ထို့အပြင် အာရှဒေသတွင် နောက်ထပ်တိုးပွားလာမည့် ဘီလီယံနှင့်ချီသော လူဦးရေများနှင့် အကန့်အသတ်များစွာရှိနေပြီဖြစ်သော သဘာဝသယံဇာတများ သုံးစွဲမှုအကြား မျှခြေတစ်ခုကို ရှာဖွေရန်လည်း မဖြစ်မနေလိုအပ်လာပြီဖြစ်၏။ အာရှသည် စွမ်းအင်တင်သွင်းမှုကိစ္စနှင့် စပ်လျဉ်းလျှင် မှီခိုအားထားရမှုအများဆုံး၊ ထိခိုက်မှုအများဆုံးဖြစ်မည်ဖြစ်သလို တာဝန်အများဆုံးလည်း ရှိလာမည် ဖြစ်သည်။ အနာဂတ်အာရှ၏ ယှဉ်ပြိုင်နိုင်စွမ်းသည် သဘာဝစွမ်းအင်အစားထိုးသုံးစွဲနိုင်ရေး မည်မျှအကောင်အထည်ဖော်နိုင်သလဲဟူသည့် စွမ်းရည်အပေါ် များစွာတည်မှီလိမ့်မည်ဖြစ်ကြောင်း အာရှခေါင်းဆောင်တို့အာရုံစိုက်သင့်ပေသည်။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုက ကမ္ဘာပေါ်ရှိ လူသားတစ်ဦးချင်းစီတိုင်းကို ရိုက်ခတ်သည်ဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသော အာရှသည် အခြားသောဒေသများထက် ပိုမိုအန္တရာယ်ရှိနေလေ၏။ သဘာဝအရင်းအမြစ်များအပေါ် မှီခိုအားထားမှုကို အမြန်ဆုံးလျှော့ချပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုလျက် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်မှသာ အနာဂတ်သည် အပြည့်အဝအာမခံချက် ရှိပေလိမ့်မည်။

အုပ်ချုပ်ရေးစနစ်နှင့် အင်စတီကျူးရှင်းများ၏ အရည်အသွေးမြှင့်တင်ရေးကို အာရှနိုင်ငံတိုင်းက အလေးထားဆောင်ရွက်နိုင်ရန်လည်း အထူးလိုအပ်နေလေ၏။ တည်ငြိမ်စွာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်သော စီးပွားရေးကို ထောက်ပံ့ပေးနိုင်ရန် အုပ်ချုပ်ရေးနှင့် အင်စတီကျူးရှင်းများကို အရည်အသွေးမြှင့်တင်သင့်သည်။ အာရှ၏ ဦးဆောင်နိုင်ငံများအနေဖြင့်လည်း ကမ္ဘာ့အဆင့် ကျွမ်းကျင်လုပ်သားများပေါ်ထွန်းလာစေရေး လေ့ကျင့်ပျိုးထောင်ခြင်း၊ စီးပွားရေးဆိုင်ရာ အင်စတီကျူးရှင်းများ၏ အရည်အသွေးမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ရှေ့ဆောင်လမ်းပြပြုကာ အာရှကို ပိုမိုထိရောက်စွာ ဦးဆောင်နိုင်မည်ဆိုပါက အာရှ ၂၀၅၀ မျှော်မှန်းချက်သည် ထူးခြားစွာ ခရီးပေါက်ဖြစ်ထွန်းပေလိမ့်မည်။ စီးပွားရေးကဏ္ဍအတွက် အခြေအနေကောင်းများကို စနစ်တကျဖန်တီးနိုင်ရေးသည် အနာဂတ်အတွက် သော့ချက်တည်း။

အာရှဒေသနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးသည်လည်း မဟာဗျူဟာမြောက် အရေးပါသော အကြောင်းကိစ္စဖြစ်လေ၏။ အာရှနိုင်ငံများအချင်းချင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ အတူတကွ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် အာရှနိုင်ငံများနှင့် အခြားဒေသများရှိ နိုင်ငံများအကြား အရေးပါသည့် ပေါင်းကူးဆက်ဆံရေးကို ပိုမိုကောင်းမွန်ခိုင်မာစေမည်ဖြစ်၏။ ဒေသတွင်း ကုန်သွယ်စီးပွားလုပ်ငန်းများကို ချိန်ခွင်လျှာ ညီမျှစေမည်ဖြစ်ရုံသာမက

စာမျက်နှာ ၂၅ သို့

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝိမလာရာမနတ်ညွှန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၆**

မေ ၁၂ ရက် နံနက် ၁ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော သက်တော် (၆၉) နှစ် သိက္ခာတော် (၄၉) ဝါရှိ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိမလ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဆရာတော်ကြီး၏ အန္တိမအဂ္ဂိ စျာပန ပူဇာသဘင်အခမ်းအနားသို့ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်းနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သံဃာတော်များနှင့်



ဧည့်ပရိသတ်များ တက်ရောက်ကြသည်။ ရှေးဦးစွာ သဗ္ဗေသင်္ခါရာ အနိစ္စာတိအစရှိသော သုံးဂါထာရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပုဇွန်တောင်မြို့နယ် သာယာကုန်းပြဿဒ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တပညာဓဇထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသဆရာတော်၏ သံဝေဂ ဓမ္မကထာကိုနာယူပြီး ဆရာတော်ထံမှ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့်ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က လည်းကောင်း၊ တပည့်သံဃာတော်များက လည်းကောင်း ကျောင်းတိုက်မှ ကရဝိက်ဖောင်နတ်ပန်းရထားပေါ်သို့ ပင့်ဆောင်ကြပြီး နတ်ပန်းရထားဖြင့် မြောက်ဥက္ကလာပမြို့နယ် ရေးဝေးသုသာန်ရှိ လောင်တိုက်တော်သွင်း ပူဇော်မည့်နေရာသို့ ဆက်လက်ပင့်ဆောင်ကြသည်။

ယင်းနောက် ရေးဝေးသုသာန်၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လည်းကောင်း၊ တပည့်သံဃာတော်များက လည်းကောင်း ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို လောင်တိုက်တော်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြပြီး တပည့်ကြီးသုံးဦးက စက်ခလုတ်နှိပ်၍ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာ အခမ်းအနားကို လောင်တိုက်တော်သွင်း၍ ပူဇော်ခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

## လွိုင်လင်မြို့ ရတနာစည်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ကျင်းပ

**နေပြည်တော် မေ ၁၆**

မေ ၁၀ ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ ရတနာစည်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ လွိုင်လင်မြို့ သာသနာဝိပုလ္လခတ်တော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဒေါက်တာ ပညာနန္ဒ အမှူးပြုသော ဆရာတော်/သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား ဒါယကာ ဒါယိကာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာသူများက သာသနာဝိပုလ္လခတ်တော်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက "အနိစ္စာဝတ သင်္ခါရ" စသောဂါထာကို သုံးကြိမ်ရွတ်ဖတ်ပူဇော် မရဏာနုဿတိကမ္မဋ္ဌာန်းကျမ်း စီးဖြန်းကြသည်။ ထို့နောက် လွိုင်လင်မြို့ ရတနာစည်ကျောင်းတိုက်မှ ဘဒ္ဒန္တ ဝိဇယာနန္ဒက ဆရာတော်ကြီး၏ "ထေရုပ္ပတ္တိ" စာတမ်းလွှာကို ဖတ်ကြားတော်မူပြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို တောင်ကြီးမြို့ မဟာဓမ္မိကာရာမကျောင်းတိုက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တဝိဇယာနန္ဒာဘိဝံသက ဖတ်ကြားတော်မူသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာသူများက ဆရာတော်/သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို လောင်တိုက်ပေါ်သို့ အစီအစဉ်တိုင်း ပင့်ဆောင်ကြသည်။ ဆက်လက်၍ ဆရာတော်/သံဃာတော်များက "အနိစ္စာဝတ သင်္ခါရ" အစချီသော



သံဝေဂသုံးဂါထာကို ရွတ်ဖတ်ပူဇော်ကြပြီး သာသနာဝိပုလ္လခတ်တော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ ပညာနန္ဒက မီးပူဇော်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❂ စာမျက်နှာ ၂၄ မှ

အိမ်နီးချင်းနိုင်ငံများအကြား ဈေးကွက်များသည် များစွာပွင့်လင်းတိုးတက်ဖြစ်ထွန်းစေလိမ့်မည်ဖြစ်၏။ ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုသည် မျှတစွာဖြစ်ပေါ်လာမည်ဖြစ်သောကြောင့် ဒေသတွင်း ဆင်းရဲချမ်းသာ ကွာဟမှု၊ ဝင်ငွေမညီမျှမှု စသည့် တည်ငြိမ်ရေးနှင့် ကြွယ်ဝချမ်းသာရေး၏ အဟန့်အတားများကို ကြုံတွေ့လာနိုင်ဖွယ် ရှိသည်။ အာရှဒေသ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးကို အာမခံကြေးပေးနိုင်လိမ့်မည် ဖြစ်သည်။ အာရှနိုင်ငံများအကြား ထိုကဲ့သို့ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပေါ်စေရန်အတွက်ဆိုလျှင် အင်အားကောင်းသော (စွမ်းရည်ပြည့်သော) နိုင်ငံရေးခေါင်းဆောင်မှု လိုအပ်ပေ၏။ အာရှနိုင်ငံများအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊ အင်အားချိန်ခွင်လျှာညီမျှရေးအတွက် စုပေါင်းခေါင်းဆောင်မှုစနစ် လိုအပ်သည်။ အာရှ၏ အဓိကအင်အားကြီးနိုင်ငံများဖြစ်လာမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့က ဦးစီးဦးဆောင်ပြုလျက် ကြိုးပမ်းဆောင်ရွက်နိုင်သည်။

အာရှ၏ အလားအလာသည် ကမ္ဘာ့စီးပွားရေးတစ်ခုလုံးအတွက် စိန်ခေါ်မှုများ၊ တာဝန်များ တိုးပွားများပြားလာရန်ရှိလေ၏။ အာရှသည် ကမ္ဘာနှင့် ပိုမိုအသားတကျရှိရန်လည်း လိုအပ်လာမည်ဖြစ်၏။ အာရှယဉ်ကျေးမှု စရိုက်လက္ခဏာအတိုင်း ရှေးရိုးစဉ်လာပုံစံနေထိုင်ပြုမူခြင်းကို ပြုပြင်ပြောင်းလဲပြီး ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် ဦးဆောင်ဦးရွက်ပြုလျက် တက်ကြွစွာပါဝင်နိုင်ရေး ပြင်ဆင်ရမည့်အချိန်လည်းဖြစ်သည်။ အာရှသည်ကမ္ဘာ့စီးပွားရေးတစ်ခုလုံး၏ ဗဟိုချက်မဖြစ်လာတော့မည် ဖြစ်သည့်အလျောက် အာရှရာစုသည် အာရှအကျိုးစီးပွားအတွက် သက်သက်မျှသာမဟုတ်ဘဲ ကမ္ဘာတစ်ဝန်းလုံး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် ပိုမိုတာဝန်ယူရလိမ့်မည် ဖြစ်၏။

အာရှ ၂၀၅၀ မျှော်မှန်းချက်နှင့်ပတ်သက်ပြီး အာရှနိုင်ငံများ၊ အာရှခေါင်းဆောင်များ၏ လုပ်ရည်ကိုင်ရည်၊ အမြော်အမြင်၊ ပူးပေါင်းဆောင်ရွက်မှုစသည်တို့တွင် အားနည်းချက်များရှိနေခဲ့လျှင် အာရှ ၂၀၅၀ ပန်းတိုင်သည် မရေမရာဖြစ်နိုင်ခြေရှိနေကြောင်း သတိပြုရန်လည်းဖြစ်သည်။ (၂၀၅၀ ပြည့်နှစ် အာရှဂျီဒီပီမျှော်မှန်းချက် ဒေါ်လာ ၁၇၄ ထရီလီယံအိပ်မက်သည် လက်တွေ့တွင် ၆၅ ထရီလီယံမျှဖြင့် အဆုံးသတ်သွားနိုင်လေ၏။ တစ်ဦးချင်းကုန်ထုတ်စွမ်းအားမျှော်မှန်းချက် ဒေါ်လာ ၄၀၈၀၀ အိပ်မက်သည် လက်တွေ့တွင် ၂၀၆၀၀ မျှသာ ဖြစ်လာနိုင်လိမ့်မည်။)

ထို့ကြောင့် အာရှခေါင်းဆောင်များအနေဖြင့် အာရှ ၂၀၅၀ မျှော်မှန်းချက် လက်တွေ့ကျကျအောင်မြင်ဖြစ်တည်လာပြီး ကြွယ်ဝချမ်းသာသော အာရှရာစုကို ဖန်တီးနိုင်ရေးအတွက်ဆိုလျှင် သတိပြုဆောင်ရွက်ရန်ကိစ္စရပ်လေးခု ရှိနေလေ၏။ ပထမတစ်ခုမှာ ရှေ့ခရီးတစ်လျှောက် မလွဲမသွေကြုံတွေ့လာရနိုင်သည့် နိုင်ငံရေးဆိုင်ရာ အတက်အကျ၊ အနိမ့်အမြင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံနိုင်ပြီး ရေရှည် ခိုင်မာတောင့်တင်းသည့် ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်ထားနိုင်ရန် ဖြစ်သည်။ ပြောင်းလဲနေမည့် အခြေအနေအမျိုးမျိုးနှင့် အခွင့်အလမ်းအမျိုးမျိုးတို့ကို လိုက်လျောညီထွေ ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်မည့် မဟာဗျူဟာနှင့် မူဝါဒများ ပြုပြင်ပြင်ဆင်ချမှတ်ဆောင်ရွက်နိုင်ရေးဖြစ်သည်။ ဒုတိယတစ်ခုမှာ စံပြဖြစ်သော အရှေ့အာရှ၏ အောင်မြင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကျန်အာရှနိုင်ငံများက လက်တွေ့ကျကျ ပုံတူကူး ဆောင်ရွက်နိုင်ကြရေးဖြစ်သည်။ တတိယတစ်ခုမှာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် သော့ချက်ဖြစ်သော အာရှ၏ အဓိကစီးပွားရေးဦးဆောင်နိုင်ငံများအကြား ယုံကြည်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရေး ဖြစ်သည်။ စတုတ္ထတစ်ခုမှာ အာရှခေါင်းဆောင်များအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ကို ပိုမိုမြှင့်တင်ရင်း အုပ်ချုပ်မှုစနစ်များနှင့် အင်စတီကျူးရှင်းများကို အရည်အသွေးပြည့်သည်ထက်ပြည့်မီပြီး ပိုမိုခေတ်မီပြည့်စုံစေရေး အလေးထားဆောင်ရွက်ကြရန် ဖြစ်သည်။

ထိုသို့ လုပ်ဆောင်ရန်ရှိသောကိစ္စရပ်များကို ဆယ်စုနှစ်များတစ်လျှောက် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေကြရန် လိုအပ်ပြီး ရလဒ်များကို ၂၀၅၀ ပြည့်နှစ်မတိုင်မီ ပေါ်ထွန်းရေး ဦးတည်ကြရန်ဖြစ်သည်။ သို့ဆိုလျှင် အာရှသည် တစ်စတစ်စ မှန်မှန်ကြီးဖွံ့ဖြိုးတိုးတက်ကြွယ်ဝချမ်းသာလာမည်မှာ မုချဖြစ်ပြီး အာရှ ၂၀၅၀ မျှော်မှန်းချက်သည် ပြည့်ပြည့်ဝဝ အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း သုံးသပ်အကြံပြုတင်ပြလိုရင်း ဖြစ်ပေသည်။ ။

**မှီငြမ်း: https://www.adb.org/publications/asia-2050-realizing-asian-century**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၇ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၇၇၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၂၃,၁၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၅၄၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၃၀၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- ထို့ကြောင့် ဦးတည်အုပ်စုများတွင် လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသည်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးနှံထားရှိရန်လိုအပ်ပါသည်။
- ထို့အပြင် သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက ရောဂါပြင်းထန်ခြင်းနှင့် သေဆုံးနိုင်ခြေမြင့်မားခြင်းကြောင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ စသည့် ဦးတည်အုပ်စု အားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၈၃) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၁) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၁) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၆၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၅၆) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၅၉၈) ခု | (၈) ဦး |
| စုစုပေါင်း | (၆,၇၇၃) ခု | (၁၈) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၂၉၅၇၆၈ | ၈၀၁၂၉၃၇၄ | ၁၀၁၅၃၅၇ |
| ၂။ | အိန္ဒိယ | ၄၃၀၄၀၉၄၇ | ၄၂၅၀၇၈၃၄ | ၅၂၁၇၇၆ |
| ၃။ | ဘရာဇီး | ၃၀၂၄၇၃၀၂ | ၂၉၁၉၉၉၀၃ | ၆၆၁၉၆၀ |
| ၄။ | ပြင်သစ် | ၂၇၅၇၂၇၉၁ | ၂၄၇၇၅၃၃၈ | ၁၄၄၀၆၁ |
| ၅။ | ဂျာမနီ | ၂၃၃၆၅၅၀၄ | ၁၉၈၀၂၇၀၀ | ၁၃၃၃၀၆ |
| ၆။ | ဗြိတိန် | ၂၁၇၄၇၆၃၈ | ၂၀၁၁၆၁၃၅ | ၁၇၁၃၉၆ |
| ၇။ | ရုရှား | ၁၈၀၆၄၄၅၄ | ၁၇၃၅၉၆၄၅ | ၃၇၃၂၆၇ |
| ၈။ | တောင်ကိုရီးယား | ၁၆၂၁၂၇၅၁ | စိစစ်ဆဲ | ၂၀၈၈၉ |
| ၉။ | အီတလီ | ၁၅၅၉၅၃၀၂ | ၁၄၂၁၄၉၀၉ | ၁၆၁၄၆၉ |
| ၁၀။ | တူရကီ | ၁၅၉၈၇၅၈၃ | ၁၅၇၁၉၇၄၉ | ၉၈၅၃၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၃၉၄၅၃၃ | ၈၈၆၃၀၄၄ | ၄၂၉၂၄ |
| ၂။ | အင်ဒိုနီးရှား | ၆၀၃၉၂၆၆ | ၅၈၂၂၉၄၇ | ၁၅၅၈၄၄ |
| ၃။ | မလေးရှား | ၄၃၇၂၆၉၇ | ၄၂၂၄၁၂၅ | ၃၅၃၉၇ |
| ၄။ | ထိုင်း | ၄၀၁၂၁၈၄ | ၃၇၆၃၉၇၈ | ၂၆၇၅၇ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၂၈၄၇ | ၃၆၀၀၇၃၃ | ၅၉၉၆၄ |
| ၆။ | စင်ကာပူ | ၁၁၅၅၅၈၁ | ၁၀၈၅၉၀၀ | ၁၃၁၀ |
| ၇။ | မြန်မာ | ၆၁၂၅၄၅ | ၅၉၁၃၀၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၁၉၉၈၆၈ | ၁၉၄၆၀၄ | ၇၁၄ |
| ၉။ | ဘရူနိုင်း | ၁၃၉၈၄၇ | ၁၃၈၁၆၇ | ၂၁၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၀၃၂ | ၁၃၂၇၃၂ | ၃၀၅၅ |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေး အချိန်နှင့်တစ်ပြေးညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁ ရက်မှ ၁၆ ရက်အတွင်း နှာခေါင်းစည်း ၂၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေးစီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ဆီထွက်သီးနှံနေကြာအား အလေးထား တိုးချဲ့စိုက်ပျိုး

**မော်ကျွန်း - မြင့်အောင်**

မြန်မာနိုင်ငံတွင် တောင်သူများ စိုက်ပျိုးသော ဆီထွက်သီးနှံသုံးမျိုးမှာ နှမ်း၊ မြေပဲနှင့် နေကြာတို့ပင် ဖြစ်ပါသည်။ နေကြာသီးနှံသည် ကမ္ဘာ့စားသုံးဆီထုတ်လုပ်သော သီးနှံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ နေကြာသည် မြန်မာတစ်နိုင်ငံလုံး နေရာမရွေးစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးနှံလည်းဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်/တိုင်းဒေသကြီးများတွင် ယခင်က နေကြာကေအများအပြား စိုက်ပျိုးခဲ့ကြသည်။ အောင်မြင်ဖြစ်ထွန်းခဲ့ကြသည်။ တောင်သူများ ဝင်ငွေတိုးပွား အကျိုးများခဲ့ကြပေသည်။

စာရေးသူတို့ ငယ်စဉ်က အမေ့ဇာတိမြေဖြစ်သော မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု ဂျုံးဂျုံးကျ နတ်မင်းကြီးကျေးရွာသို့ အမေအလည်အပတ်ပြန်လျှင် စာရေးသူလိုက်ပါခဲ့ဖူးသည်။ နေကြာစိုက်ခင်းကြီးများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရသည်။ နေကြာကိုတွေ့လျှင် ပျော်သည်။ စိတ်ကြည်နူးရသည်။



၂၀၂၁-၂၀၂၂ ခုနှစ် အောင်မြင်ဖြစ်ထွန်းနေသော ဟင်္သာတခရိုင်မှ နေကြာစိုက်ခင်းကို တွေ့ရစဉ်။

သို့ဖြစ်ရာ နေကြာတောင်သူများ စိုက်ပျိုးသော ဆီထွက်သီးနှံတွင် အဓိကအားဖြင့် အစေ့စားနေကြာနှင့် ဆီစားနေကြာဟူ၍ နှစ်မျိုးရှိပေသည်။ နေကြာတောင်သူများသည် ဆီထွက်သီးနှံနေကြာကို ဝင်ငွေတိုးပွားအကျိုးများသဖြင့် ကြိုက်နှစ်သက်ကြသည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများအနက် နေကြာသီးနှံသည် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့် ထွက်ရှိသော မျိုးစေ့ပမာဏ အချိုးအစား မြင့်မားခြင်း၊ တစ်ဧကေ ဆီအထွက်နှုန်း ကောင်းမွန်ခြင်း၊ စိုက်ပျိုးစရိတ်သက်သာခြင်း၊ ပိုးမွှားရောဂါနှင့် ရာသီဥတု ဖောက်ပြန်သည့်အချိန်တွင် သီးနှံပျက်စီးမှု နည်းပါးခြင်းတို့ကြောင့် တောင်သူများမှာ နေကြာကို ကြိုက်နှစ်သက်ကြခြင်းဖြစ်ပေသည်။

နေကြာ၏ မူရင်းဒေသမှာ မြောက်အမေရိကဖြစ်သည်။ နေကြာသည် စုပေါင်းမျိုးရင်းတွင် ပါဝင်သည်။ နေကြာကို အင်္ဂလိပ်အမည် Sun Flower ဟုလည်း ခေါ်ကြသည်။ နေကြာဟုအမည်ရခြင်းမှာလည်း နေကြာသည် နေသွားလမ်းအတိုင်း လှည့်ပတ်သွားလာမှုရှိသောကြောင့် ဖြစ်သည်။

နေကြာသည် သမပိုင်းဇုန် သီးနှံဖြစ်သော်လည်း သမရွှေးပိုင်းဒေသများတွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ နေကြာကို တောင်လတ္တီကျူ ၄၀ နှင့် ၅၀ ဒီဂရီအတွင်း စိုက်ပျိုးနိုင်သည်။ အထူးသဖြင့် မြောက်လတ္တီကျူ ၂၀ နှင့် ၅၀ ဒီဂရီအတွင်း စိုက်ပျိုးပါက နေကြာပိုမိုဖြစ်ထွန်းအောင်မြင်ပေသည်။

**နေကြာကြိုက်နှစ်သက်သည့်မြေ**

ဆီထွက်သီးနှံနေကြာအား စိုက်ပျိုးမည်ဆိုလျှင် တောင်သူများ အဓိကသိထားသင့်သည့်အချက်မှာ မြေအမျိုးအစားဖြစ်သည်။ နေကြာပင်ကို သဲနုန်းမြေစေး၊ နုန်းမြေနှင့် သဲနုန်းတို့တွင် စိုက်ပျိုးပါက အထူးသန်စွမ်းဖြစ်ထွန်းသည်။ အဓိက လိုအပ်ချက်တစ်ခုမှာ မြေချဉ်ငန်ဓာတ် ၆ - ၇ တို့သည် နေကြာစိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်မှာလည်း အရေးကြီးသော အချက်ဖြစ်သည်။ ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နေကြာကို သီးထပ်၊ သီးညှပ် တိုးချဲ့စိုက်ပျိုးကြရန် လိုပေသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံနေကြာကို ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်တို့တွင် အများဆုံး စိုက်ပျိုးကြသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ခုနှစ် နေကြာစိုက်ပျိုးရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို သိရှိလိုသဖြင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်နှင့် တိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ကျော်လှိုင်တို့နှင့် ဆက်သွယ်မေးမြန်းခဲ့သည်။

"ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအနေနဲ့ ဆီထွက်သီးနှံနေကြာကို ၂၀၂၂-၂၀၂၃ ခုနှစ်မှာ စတင်ပြီး စိုက်ဧကေ တိုးချဲ့စိုက်ပျိုးသွားဖို့ စီမံချက်ချမှတ်ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီးတစ်ခုလုံးမှာ နေကြာ ၂၂၄၆၈၈ ဧကေ တိုးချဲ့စိုက်ပျိုးသွားနိုင်ဖို့အတွက် လိုအပ်တဲ့ နေကြာမျိုးစေ့တွေရရှိဖို့ ကျွန်တော်တို့ အဓိကထား ဆောင်ရွက်နေပါတယ်။ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးရာသီမှာ ဆင်းရွှေကြာ (၂)မျိုးနဲ့ မျိုးစေ့ထုတ်ဧကေ ၃၀၀၀ စိုက်ပျိုးနိုင်ဖို့အတွက် ဟင်္သာတခရိုင် မြန်အောင်မြို့နယ်မှာ ဧကေ ၁၃၀၀၊ ကြံခင်းမြို့နယ်မှာ ဧကေ ၁၀၀၀ နဲ့ အင်္ဂပူမြို့နယ်မှာ ဧကေ ၇၀၀ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အဲဒီနေကြာဧကေ ၃၀၀၀ မျိုးစေ့ထုတ်စိုက်ဖို့ လိုအပ်တဲ့ နေကြာမျိုးစေ့တွေကိုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်တွေနဲ့ မျိုးစေ့တွေကို ပြန်လည်ဝယ်ယူပြီး ၂၀၂၂- ၂၀၂၃ ခုနှစ် ဆောင်းရာသီနေကြာစိုက်ပျိုးကြဖို့ တိုင်းဒေသကြီးအတွင်းရှိ တောင်သူတွေကို နေကြာမျိုးစေ့တွေ ပြန်လည်ဖြန့်ဖြူးသွားဖို့ ရှိပါတယ်" ဟု အသီးသီးရှင်းလင်းပြောကြားကြသည်။

ဧရာဝတီ တိုင်းဒေသကြီးသည် မြေနေရာကျယ်ဝန်းသည်။ စိုက်ပျိုးရန်ဖြစ်ထွန်းသည့် ရေခံမြေခံကောင်းသော ဒေသဖြစ်ပေရာ ဧရာဝတီတိုင်းဒေသကြီးရှိ ၂၆ မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် နေကြာစိုက်ပျိုးရာသီမှစတင်၍ နေကြာဧကများ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

ယခုအခါ ဆီထွက်သီးနှံနေကြာကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တွင် အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် နေကြာဧကေပေါင်း ၁၀၇၆၆၀၊ ဒုတိယအများဆုံး စိုက်ပျိုးသွားမည့်ခရိုင်မှာ မအူပင်ခရိုင်ဖြစ်ပြီး နေကြာဧကေပေါင်း ၇၀၈၂၃ဧကေ စိုက်ပျိုးသွားမည်ဖြစ်သည်။

၂၀၂၂-၂၀၂၃ ခုနှစ်၌ ဧရာဝတီတိုင်းဒေသကြီးရှိ ၂၆ မြို့နယ်တွင် ဆီထွက်သီးနှံနေကြာ အများဆုံးစိုက်ပျိုးရမည့် မြို့နယ်မှာ အင်္ဂပူမြို့နယ် ဧကေပေါင်း ၃၀၆၁၀၊ ဒုတိယအများဆုံးစိုက်ပျိုးမည့် မြို့နယ်မှာ ဇလွန်မြို့နယ်ဖြစ်ပြီး ဧကေပေါင်း ၂၆၀၀၅ ဧကေနှင့် တတိယအများဆုံး စိုက်ပျိုးမည့်မြို့နယ်မှာ မအူပင်မြို့နယ်ဖြစ်ပြီး ဧကေပေါင်း ၂၂၅၉၃ ဧကေတို့ဖြစ်ကြသည်။ ကျန်မြို့နယ်အသီးသီးတွင်လည်း ၂၀၂၂-၂၀၂၃ ခုနှစ် နေကြာစိုက်ပျိုးရာသီချိန်တွင် နေကြာဧကေများ အသီးသီး တိုးချဲ့စိုက်ပျိုးသွားကြမည်ဖြစ်သည်။

ဆီထွက်သီးနှံ နေကြာသည် ယခုမှ တိုးချဲ့စိုက်ပျိုးသွားရန် ဆောင်ရွက်သော သီးနှံမျိုး မဟုတ်ပေ။ မြန်မာနိုင်ငံတွင် ၁၉၇၆- ၁၉၇၇ ခုနှစ်မှစတင်၍ ဆီစားနေကြာကို စိုက်ပျိုးခဲ့ကြသည်။ စိုက်ပျိုးသော မျိုးအများစုမှာ သဘာဝဝတ်မှုန်ကူးမျိုးဖြစ်ကြသည်။ ၁၉၈၄ ခုနှစ်တွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ဆင်းရွှေကြာ (၂) သဘာဝဝတ်မှုန်ကူးမျိုးကိုလည်း ထုတ်လုပ်နိုင်ခဲ့ကြသည်။

သို့ဖြစ်ရာ ဆီထွက်နေကြာစိုက်တောင်သူများသည် အထွက်နှုန်းကောင်းသော နေကြာမျိုးများကို ရွေးချယ်စိုက်ပျိုးမှသာလျှင် နေကြာအထွက်နှုန်းအတွက် စိတ်ချရမည်ဖြစ်သည်။ အထွက်ကောင်းနှင့် ဆီထွက်ကောင်း စပ်မျိုးနေကြာမျိုးသစ်များကို မွေးမြူထုတ်လုပ်ခြင်းအားဖြင့် တောင်သူများ စိုက်ပျိုးသည့် နေကြာမျိုးများမှာ မူလအရည်အသွေးမပျက် အထွက်နှုန်းနှင့် ဆီထွက်နှုန်းများ တိုးတက်ကောင်းမွန်မည့်အပြင် ဝင်ငွေတိုးတက်ရရှိကြမည်ဖြစ်သည်။

**ပြည်တွင်းစာသုံးဆီဖူလုံရေး**

ထို့ပြင် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နေကြာဧကေပေါင်း ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။ ထို့ကြောင့် နေကြာစိုက်တောင်သူများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ တက်ညီလက်ညီ စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်ကြပါလျှင် နေကြာဧကေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း အောင်မြင်မှုရရှိမည်ဖြစ်ပေသည်။

ဤသို့ဆိုလျှင် ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးမှု အားမာန်များသည် မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့ရောက်ရှိကာ နေကြာအောင်ပွဲဆင့်ကဲရရှိပြီး "နေကြာတစ်ခေတ် ဆန်းသစ်လာတော့မည်" ဖြစ်ပေသည်။

သို့ဖြစ်ရာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ပြည်တွင်းစားသုံးဆီ ဖူလုံမှုရရှိရေးအတွက် ဆီထွက်သီးနှံ နေကြာအား တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ကြခြင်းအားဖြင့် သီးနှံစိုက်စွမ်းအား တိုးတက်ရရှိစေမည့်အပြင် နေကြာသီးနှံ အထွက်နှုန်းကိုလည်း တိုးတက်ရရှိနိုင်မည်ဖြစ်သည်။ ထိုအခါ တောင်သူများ ဝင်ငွေတိုးတက်ရရှိကာ လူနေမှုဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။



၂၀၂၁-၂၀၂၂ ခုနှစ် အောင်မြင်ဖြစ်ထွန်းနေသော မအူပင်ခရိုင်မှ နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**"ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နေကြာဧကေပေါင်း ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးသွားမည်။ ထို့ကြောင့် နေကြာစိုက်တောင်သူများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ တက်ညီလက်ညီ စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်ကြပါလျှင် နေကြာဧကေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း အောင်မြင်မှုရရှိမည်။ ဤသို့ဆိုလျှင် ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးမှုအားမာန်များသည် မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့ရောက်ရှိကာ နေကြာအောင်ပွဲ ဆင့်ကဲရရှိပြီး "နေကြာတစ်ခေတ် ဆန်းသစ်လာတော့မည်""**

◆ **မန်စီးတီးအသင်းမှ**

နောက်ဆုံးဗိုလ်လုပွဲတက်လှမ်းနိုင်မယ့် အခွင့်အရေးနဲ့တော့ လွဲခဲ့ရပြီဖြစ်ပါတယ်။

အက်ဖ်အေဖလားပြိုင်ပွဲရဲ့ အခြားသောဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ချယ်လ်ဆီးအသင်းနဲ့ ခရစ္စတယ်ပဲလေ့အသင်းတို့ဟာ မေ ၁၇ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး အဲဒီနှစ်သင်းထဲက အနိုင်ရရှိခဲ့တဲ့အသင်းဟာ လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

လက်ရှိမှာ လီဗာပူးအသင်းဟာ မန်စီးတီးအသင်းကို အနိုင်ရရှိပြီး အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်တာကြောင့် ဗိုလ်လုပွဲမှာ အက်ဖ်အေဖလား ချန်ပီယံဆုဖလားကို ရှစ်ကြိမ်မြောက်ဆွတ်ခူးထားနိုင်ခဲ့တဲ့ ချယ်လ်ဆီးအသင်းနဲ့ တွေ့ဆုံမလား ဒါမှမဟုတ် ၂၀၁၆ ခုနှစ်နောက်ပိုင်း အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲကို ပထမဆုံး တက်လှမ်းခွင့်ရရှိဖို့ မျှော်လင့်ထားတဲ့ ခရစ္စတယ်ပဲလေ့အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံမလား ဆိုတာလည်း စိတ်ဝင်စားဖို့ကောင်းနေတာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အက်ဖ်အေဖလားချန်ပီယံဆုဖလားကို ၂၀၀၆ ခုနှစ်က နောက်ဆုံးအကြိမ် ရယူနိုင်ခဲ့တာဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီရဲ့ အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်ကို မေ ၁၄ ရက်မှာ ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ငွေကြယ်



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ချောင်းခြားရပ်ဆုံတိုက်ရပ်ကွက်နေ ရည်မွန်ငြိမ်းသည် ၎င်းအသုံးပြုသည့် “Yee Mon Nyein” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလုံလမ်းနေ မျိုးလေး(ခ) အမျိုးသည် ၎င်းအသုံးပြုသည့် “Myo Lay” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

## မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ထိုင်းဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မေ ၁၈ ရက် ထွက်ခွာမည်

**ရန်ကုန် မေ ၁၆**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ထိုင်းဖိတ်ခေါ်အမျိုးသမီးဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မေ ၁၈ ရက်တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

**ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှု**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ နိုင်ငံတကာပြိုင်ပွဲများနှင့် နှစ်ပေါင်းများစွာ ဝေးကွာနေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းအတွက် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲနောက်ပိုင်း ပထမဆုံးယှဉ်ပြိုင်ရသည့် နိုင်ငံတကာပြိုင်ပွဲလည်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၂ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေပြီး ထိုင်းခရီးစဉ်သို့ ကစားသမားအားလုံး ခေါ်ဆောင်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ဖေဖော်ဝါရီလမှစ၍ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးတင်မောင်ငွေးက ကိုင်တွယ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို ပဏာမကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်းထားပြီး အုပ်ချုပ်/နည်းပြ ခုနစ်ဦးက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းတွင် **အဖွဲ့ခေါင်းဆောင်** – ဦးနိုင်သောင်းထိုက်၊ **နည်းပြချုပ်** – ဦးတင်မောင်ငွေး၊ **လက်ထောက်နည်းပြ** – ဦးဇော်ရဲမောင်၊ ဂိုးနည်းပြ – ဦးဟန်မင်းထွဋ်၊ **အသင်းအတွင်းရေးမှူး**– ဒေါ်သီတာကြည်၊ ကစားသမားများအဖြစ် **ဂိုးသမား**– ဇင်မင်းထွန်း(သစ္စာအားမာန်)၊ ခိုင်နှင်းသက်(ISPE)၊ နွယ်နွယ်စိုး(ရောဝတီ)၊ **ကစားသမားများ**– အေးအေးထွေး(YREO)၊ နန်းခမ်းမို(SPED)၊ ဝင်းဝင်းခိုင်(ဖူဆယ်ချစ်သူ)၊ နန့်မေသဇင်(ISPE)၊ ခိုင်သဇင်ဦး(ISPE)၊ ခိုင်ပြည့်လင်း (ISPE)၊ စုပိုပိုကျော်(Shin Lay-2)၊ ဝါဝါခိုင်(SPED)၊ ခင်မာလင်း(SPED)၊ အေးငြိမ်းသူ (SPED)၊ ဖြူဖြူကျော် (ကချင်)၊ နန်းဟွန်းလှိုင်(SPED)၊ ဇင်မိုးပြည့်(ရန်ကုန်)၊ မေဇင်ဦး(ရန်ကုန်)၊ လာအဲဝါ(ရန်ကုန်)၊ မေသက်ပိုင်(ပဲခူး)၊ နှင်းစန္ဒာလှိုင်(သစ္စာအားမာန်)၊ ယမင်းလွင်(သစ္စာအားမာန်)၊ ယွန်းမီမီလွင် (သစ္စာအားမာန်)တို့ ပါဝင်ကြသည်။ မြန်မာနိုင်ငံတွင် ဖူဆယ်အမျိုးသမီးကစားသမား သီးသန့်မရှိသဖြင့် ဘောလုံးသမားများကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သည်။

ထိုင်းဘောလုံးအဖွဲ့ချုပ်သည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် ထိုင်းလက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ပြင်ဆင်မှုအဖြစ် ယခုပြိုင်ပွဲကျင်းပခြင်းဖြစ်ပြီး မေ ၂၀ ရက်မှ ၂၆ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းလက်ရွေးစင်အသင်း၊ ထိုင်း All Stars အသင်း၊ မြန်မာ့လက်ရွေးစင်အသင်း၊ အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ဩစတြေးလျကလပ်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ငါးသင်းသာရှိသဖြင့် ပတ်လည်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် မေ ၂၀ ရက်တွင် ထိုင်းလက်ရွေးစင်အသင်း၊ မေ ၂၃ ရက်တွင် ထိုင်း All Stars အသင်း၊ မေ ၂၄ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်း၊ မေ ၂၆ ရက်တွင် ဩစတြေးလျကလပ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

## မြန်မာ ယူ-၂၂ အသင်း ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်

**နေပြည်တော် မေ ၁၆**

မြန်မာ ယူ-၂၂ အသင်းသည် (၃၁)ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေ**

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ဇန်နဝါရီလဆန်းပိုင်းကတည်းက စတင်လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ဖေဖော်ဝါရီတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သော်လည်း ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိပြီးမှ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရသဖြင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲအပြီး ရက်ပိုင်းအနားယူကာ မတ်လမှစတင်ကာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယူအေအီးနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲများလည်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် မေ ၁၇ ရက်တွင် ယူအေအီးနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ ယူအေအီးနိုင်ငံမှ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို အသက် ၂၂ နှစ်အောက်အဖြစ် သတ်မှတ်ထားသော်လည်း အသက်ကျော်ကစားသမားသုံးဦး ထည့်သွင်းအသုံးပြုခွင့်ပေးထားပြီး နည်းပြချုပ်ဖြစ်သူ ဘူဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်အနေဖြင့် အသက်ကျော်ကစားသမားများအပါအဝင် ကစားသမား ၃၀ ဝန်းကျင် ရွေးချယ်ထားသည်။ အသက်ကျော်ကစားသမားအချို့မှာ ပြည်ပကလပ်များတွင် သွားရောက်ကစားနေသဖြင့် ဆီးဂိမ်းပြိုင်ပွဲနီးမှသာ လာရောက်ပူးပေါင်းနိုင်မည်ဖြစ်သည်။

**ကိုညီလေး**








## ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး
## နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ကြည့်မြင်တိုင်မြို့နယ်အခြေစိုက်ပရိယတ္တိသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၃၈)မြို့နယ်မှ ပရိယတ္တိစာချစာသင် သုတဗုဒ္ဓသံဃာတော် အရှင်သူမြတ်တို့အား နေ့စဉ်အရဏ်ဆွမ်းအတွက် တစ်နှစ်လျှင် သုံးကြိမ်ဆွမ်းဆန်တော်များ လှူဒါန်းလျက်ရှိခြင်း၊ အထက်ပါစာသင်တိုက်များရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်လှူဒါန်းခြင်း၊ စာမေးပွဲအသီးသီးအောင် အရှင်သူမြတ်တို့အားလည်းလှူဒါန်းပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ အစီအမံဖြင့် ကျင်းပပြုလုပ်သော လှူဒါန်းမှုကိစ္စအဝဝတွင် ပါဝင်ကုသိုလ်ပြုလှူဒါန်းခြင်းနှင့် အခြားထည့်ဝင်လှူဒါန်းမှုများကိုလည်း ဆောင်ရွက်ခဲ့သည်မှာ ၉၆ နှစ်တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ထို့ပြင် ရန်ကုန်ဆန်လှူအသင်းကြီး ပိဋကစာကြည့်တိုက်နှင့် သာသနာတော်ပြန့်ပွားရေးအတွက် ဘာသာရေးဆိုင်ရာ သင်တန်းများကိုလည်း အသက်ရှုလမ်းကြောင်းဆိုင်ရာ COVID–19 ကပ်ရောဂါများ ကင်းစင်ပျောက်ကွယ်သွားပြီဟု သံသယရှင်းသည့်အချိန်တွင် ယခင်ဖွင့်နေကျ သင်တန်းများကို အခမဲ့ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

ဤကဲ့သို့ နှစ်စဉ်အစဉ်အလာမပျက် လှူဒါန်းပူဇော်နိုင်ခြင်း၊ သာသနာတော်ဆိုင်ရာ သင်တန်းများဖွင့်လှစ်နိုင်ခြင်းသည် အနယ်နယ်အရပ်ရပ်မှ အကျိုးဆောင်များ၏ ကူညီဆောင်ရွက်လှူဒါန်းပေးမှုနှင့်အတူ စေတနာ သဒ္ဓါထက်သန်စွာဖြင့် အာစိဏ္ဏကံ စုဘူးများရယူစုဆောင်းလှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၏ ကျေးဇူးကြောင့်ပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နှစ်သစ်အခါသမယတွင် ရန်ကုန်ဆန်လှူအသင်းကြီးသို့ ထည့်ဝင်လှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော အမှုဆောင်၊ အကျိုးဆောင်၊ အသင်းသား၊ ဝန်ထမ်းများမှအစပြု၍ မြန်မာပြည်သူ ပြည်သားများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၊COVID–19 ကပ်ရောဂါမှ လုံးဝ(လုံးဝ)ကင်းဝေးကြလျက် ဘာသာ၊သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပြီး စီးပွားလာဘ်လာဘများ တိုးပွားကြစေကြောင်း နှစ်သစ်မင်္ဂလာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**


တော

တောင်

ပျက်ပြုန်း

မြေဆီ

သုဉ်း၏


**ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဇေယျာသုခလမ်း၊ အမှတ်(၁၉)ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ(၄)ထပ်တိုက်၏ တတိယထပ် (ဘယ်ဘက်ခန်း) အကျယ်အဝန်း(၁၅'x၄၀')ရေမော်တာ၊ လျှပ်စစ်မီတာတပ်ဆင်ထားသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဦးလှိုင်ထွန်း[၁၂/ကမရ(နိုင်)၀၀၄၆၆၀]မှ မိမိတစ်ဦးတည်းတရားဝင်ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်သည့် စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဝင်းမြတ်မွန်**
**[၇/လပတ(နိုင်)၁၃၁၅၃၀]**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကေသီဦး(LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၉၃)**
**ဘဏ်များ၏ဥပဒေအကြံပေးရှေ့နေ**
**တိုက်(၄၄)၊ မာလာမြိုင်(၈)လမ်း၊ (ပထပ်–ညာ)၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၈၈၉၄၃၇၂၀၊ ၀၉–၄၅၅၀၀၂၁၅၃**



**နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး**
**နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ**

၁၃၈၄ ခုနှစ်၊ နှစ်သစ်မင်္ဂလာချိန်ခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့်ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သောစေတနာ၊ ကရုဏာတရားမေတ္တာပွား၍ အစဉ်သဖြင့် အရေးတယူကူညီလှူဒါန်းကြသူအလှူရှင်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်များအားလုံး ဘေးဘယာဝေးကွာ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဘိုးဘွားများ၊ စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

ဖုန်း – ၀၁၉၅၅၃၁၉၅၆၊ ၀၁၉၅၅၃၁၉၉၅၊ ၀၁၉၅၅၄၆၁၉၆
(လိုင်းခွဲ) ၄၀၅၊ ၄၀၈

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
(၂၁) ကမ္ဘာ့ခအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။





# သတိပြုရမည့် အပူဒဏ်အန္တရာယ်များ

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ➢ ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြား အေး၍စိုစွတ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ➢ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း**

- ❖ လူနာကို အရိပ်ရပြီးအေးမြသောနေရာသို့ ရွှေ့ထားပါ၊
- ❖ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ❖ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ❖ လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- ❖ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊
- ❖ လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

## (၁၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## (ကြည်း-၇၆၃၁) ဒုတိယ ဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၁၇-၅-၂၀၂၂ ရက်တွင် (၁၂)နှစ်ပြည့်ပြီဖြစ်သော်လည်း မိသားစုအားလုံးက ဖခင်ကြီး၏ ကျေးဇူးတရားများကို သတိရအောက်မေ့ဆဲပါ။ ဖခင်ကြီးအတွက် ရည်စူး၍ ပြုလုပ်သော ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါသည်။ ဖခင်ကြီး ရောက်ရာအေးချမ်းမြင့်မြတ်သော ဘုံဘဝမှ မြင်နိုင်၊ ကြားနိုင် သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး ဒေါ်လှမြိုင်နှင့် သားသမီး မြေးမြစ်များ**

## ဦးမြတ်သူရ
## အသက် (၅၅) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နေ(ဦးမောင်မောင်)- (ဒေါ်ခင်ပြုံးရည်)တို့၏ သားကြီး၊ ရန်ကုန်မြို့နေ (ဦးဖေသန်း)-(ဒေါ်အုံးမြိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်ခင်မြတ်မြတ်မော်(MPPE၊ ဌာနစုမှူး-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာ အောင်ပြည့်စိုး၊ ဒေါက်တာ ဆုမြတ်သဇင်၊ မဆုမြတ်ရတနာတို့၏ ချစ်လှစွာသော ဖခင်ကြီး သည် ၁၅-၅-၂၀၂၂ ရက်နေ့ မွန်းလွဲ ၃:၂၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၆-၅-၂၀၂၂ ရက်နေ့ ညနေ ၅:၀၀ နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
## ဒေါ်ဝင်းတင်
## အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်(၂၀၀)၊ မြေညီထပ်နေ (ဦးပါ-ဒေါ်စိန်)တို့၏ သမီး၊ (ဦးဝင်းရှိန်-ဒေါ်မလှ)တို့၏သမီးချွေးမ၊ ဦးထွန်းအောင်ကျော်-ဒေါ်လွင်လွင်ခိုင်၊ ဦးလှမိုး-ဒေါ်စိုးစိုးမွန်၊ ဦးစိုးအောင်-ဒေါ်ဝိုင်းနွယ်၊ ဦးစိုးလှိုင်မြင့်-ဒေါ်လှလှခိုင်၊ ဦးမင်းကိုထွန်း-ဒေါ်ခင်နှင်းအေးတို့၏ မိခင်ကြီး၊ မြေး (၁၇)ယောက်၊ မြစ် သုံးယောက်တို့၏အဘွား၊ (ဦးလှဝေ)၏ ဇနီး ဒေါ်ဝင်းတင်သည် ၁၅-၅-၂၀၂၂ (သောကြာနေ့) ည ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၂ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ ဘုရားလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝင်းတင်
## အသက် (၇၇)နှစ်

ဦးထွန်းအောင်ကျော်-ဒေါ်လွင်လွင်ခိုင်တို့၏ မိခင် ဒေါ်ဝင်းတင်သည် ၁၅-၅-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဂမုန်းပွင့် ကုမ္ပဏီလီမိတက်**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယကာကြီး
## ဦးထွန်းထွန်းလှိုင်
**Chief Mate (F.G)**
**C.D.C–8143**
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ကြို့ကုန်းရိပ်သာ၊ တိုက်(၃)၊ အခန်း(၁)နေ (ဗိုလ်မှူးဘလှိုင်-ဒေါ်မြသန်း) တို့၏သားကြီး၊ ဒေါ်မြတ်သန္တာဟိန်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်ကျော်လှိုင်)-ဒေါ်သောင်းသောင်းချို၊ ဒေါ်တင်တင်လှိုင်၊ ဒေါ်မြမြလှိုင်(Fame Myanmar Law Firm)၊ ဦးမောင်မောင်လှိုင်(JSM Co.,Ltd)-(ဒေါ်ထားထားဝင်း)၊ ဦးဝင်းလှိုင်(ဒု-ညွှန်မှူး-ငြိမ်း၊ P.P.D)-ဒေါ်ယဉ်ယဉ်လှိုင်(ရုံးအုပ်၊ ဗဟိုပုံနှိပ်စက်ရုံ၊ P.P.D)၊ ဦးလင်းလင်းလှိုင်၊ ဦးမင်းမင်းလှိုင်၊ ဒေါ်သက်ဇင်ဦး၊ Capt. မျိုးမျိုးလှိုင်(P.I.L Co.,Ltd.)-ဒေါ်သန္တာအောင်ကျော်တို့၏ အစ်ကိုကြီး၊ ဒေါ်သွယ်သွယ်လှိုင်(အထက်တန်းရှေ့နေ)၊ မောင်စောမောင်လှိုင်၊ ဒေါက်တာသီတာလှိုင်၊ မဆုမွန်ရည်လှိုင်၊ မောင်သော်ဇင်ဝင်းလှိုင်၊ မခင်ထက်ထက်မင်းမင်း၊ မောင်ကောင်းစည်သူတို့၏ ဘကြီးသည် ၁၆-၅-၂၀၂၂ ရက် နံနက် ၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေးဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယကာကြီး
## ဦးထွန်းထွန်းလှိုင်
**Chief Mate(F.G)**
**C.D.C–8143**
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ကြို့ကုန်းရိပ်သာ၊ တိုက်(၃)၊ အခန်း(၁)နေ (ဗိုလ်မှူးဘလှိုင်-ဒေါ်မြသန်း) တို့၏သားကြီး၊ ဒေါ်မြတ်သန္တာဟိန်း၏ ချစ်လှစွာသော ခင်ပွန်း၊ မမေသူထွန်း၊ မနှေ့အိမ်ထွန်းတို့၏ဖခင် ဦးထွန်းထွန်းလှိုင်သည် ၁၆-၅-၂၀၂၂ ရက် နံနက် ၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၂၂(သောကြာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု







### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယကာကြီး
## ဦးထွန်းထွန်းလှိုင်
**Chief Mate(F.G)**
**C.D.C–8143**
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ကြို့ကုန်းရိပ်သာ၊ တိုက်(၃)၊ အခန်း(၁)နေ(ဗိုလ်မှူးဘလှိုင်-ဒေါ်မြသန်း)တို့၏သားကြီး၊ ဒေါ်မြတ်သန္တာဟိန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဉာဏ်လင်းဟိန်း၊ ဦးကျော်လင်းဟိန်း၊ ဒုအရာခံဗိုလ် ဦးညီညီကျော်-ဒေါ်သဇင်သင်းတို့၏ အစ်ကိုကြီး၊ တူ/တူမ လေးယောက်တို့၏ဘကြီးသည် ၁၆-၅-၂၀၂၂ ရက် နံနက် ၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ကမ္ဘာ့ အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့ အတူ ဆက်လက် ဆောင် ရွက်စို့**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒို့တပ်မတော်ဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ တစ်ခုတည်းသောတပ်မတော်ဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရမှာဖြစ်တဲ့အပြင် ပြည်သူတွေရဲ့နေ့စဉ်လူမှုဘဝ လုံခြုံရေးကိုလည်း ဘက်ပေါင်းစုံက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရမှာဖြစ်တယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မြန်မာ့ရိုးရာမဟာသင်္ကြန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်ပိတ်ပွဲအခမ်းအနားကို ယနေ့ (သင်္ကြန်အတက်နေ့) မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

## မန်စီးတီးအသင်းကို အနိုင်ရပြီး လီဗာပူးအသင်း အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲတက်လှမ်း

ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ ယနေ့ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ လီဗာပူးအသင်းက မန်စီးတီးအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် လီဗာပူးအသင်းဟာ အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။



အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းဟာ ပထမပိုင်းပွဲကစားချိန် ကိုးမိနစ်မှာ သွင်းယူခဲ့တဲ့ ကိုနာတေးရဲ့သွင်းဂိုး၊ ပွဲကစားချိန် ၁၇ မိနစ်နဲ့ ၄၅ မိနစ်တို့မှာ သွင်းယူခဲ့တဲ့ မာနေးရဲ့ သွင်းဂိုးနှစ်ဂိုးတို့ ရရှိခဲ့တာကြောင့် သုံးဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီး အသင်းကတော့ ဒုတိယပိုင်းပွဲကစားချိန် ၄၇ မိနစ်မှာ ဂရီးယယ်လစ်ရှ်ရဲ့ သွင်းဂိုးနဲ့ ပွဲကစားချိန် မိနစ် ၉၀ မှာ ဘာနာဒိုဆေးလ်ဗားရဲ့ သွင်းဂိုးတွေရရှိခဲ့တာကြောင့် ချေပဂိုးနှစ်ဂိုး ပြန်လည်ရရှိခဲ့ပေမယ့် အက်ဖ်အေဖလား

**စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ◆**


**ယနေ့ ဖတ်စရာ**

**လူငယ်နှင့် နိုင်ငံရေးစာပေ** — ဆောင်းပါး စာမျက်နှာ ၁၀

**တရုတ်အာကာသယာဉ်မှူးသုံးဦး အာကာသတွင်း၌ တာဝန်များထမ်းဆောင်ပြီးနောက် ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ရောက်ရှိလာ** — စာမျက်နှာ ၁၁

**အာရှ ၂၀၅၀** — ဆောင်းပါး စာမျက်နှာ ၂၄

**မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ထိုင်းဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ဧပြီ ၁၈ ရက် ထွက်ခွာမည်** — စာမျက်နှာ ၂၈